# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၂၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တပ်မတော်တွင် အဋ္ဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု (ပထမနေ့)လုပ်ငန်း ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၈

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အသည်းအစားထိုး လူနာနှစ်ဦး အောင်မြင်စွာ ခွဲစိတ်ကုသမှုဆောင်ရွက်နိုင်ခဲ့သည်။ အသည်းအစားထိုးခွဲစိတ်ကုသမှုအား ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း အသည်းအစားထိုးခွဲစိတ်ကုသမှု သုံးကြိမ်၊ လူနာကိုးဦးနှင့် ၂၀၂၄ ခုနှစ်အတွင်း လူနာကိုးဦးတို့ကို အောင်မြင်စွာ ထပ်မံခွဲစိတ်ကုသဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခုအခါ အဋ္ဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုအား လူနာသုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့အသည်းအစားထိုးခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့

စာမျက်နှာ ၅ ကော်လံ ၁ ❑





## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံ ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများ ကြိုးပမ်းဆောင်ရွက်

ပွင့်ဖြူ ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရေးအတွက် ကုလားပဲသီးနှံစိုက်ပျိုးခြင်းကို ဒေသခံတောင်သူများက သတ်မှတ်လျာထားစိုက်ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကာ စိုက်ပျိုးရေဖူလုံမှုကြောင့် ကုလားပဲစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး တစ်ဧက ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေးအတွက် ဒေသခံတောင်သူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ဒီနှစ်ဆောင်းရာသီမှာ ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေဖို့နဲ့ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီးတော့ စိုက်ပျိုးရေးဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ ဒေသခံတောင်သူတွေက ကုလားပဲစိုက်ပျိုးခြင်းကို လျာထားစိုက်ဧကထက် ကျော်လွန်အောင်

စာမျက်နှာ ၅ ကော်လံ ၁ ❍

### ယနေ့ ဖတ်စရာ


(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် — တွေ့ဆုံမေးမြန်း — စာ ၄

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု) တို့ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျုံမင့်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက် — ပြည်တွင်းသတင်း — စာ ၁၃

ချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်းမြင့်မားစွာရရှိရန် ဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်နည်းစနစ်များ — ဆောင်းပါး — စာ ၁၆

# ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော် အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




# ဆောင်းတွင်အလည်လာသည့် ငှက်သည်လေးများ ဘေးအန္တရာယ်မကျရောက်စေရန် ဝိုင်းဝန်းကာကွယ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်း အကျယ်အဝန်း ၃၂၇ ဧကရှိ "ရှိမ္မကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော" ကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်မှစတင်၍ သတ်မှတ်လိုက်သည့် မင်းတုန်းမင်းတရားကြီးက မူလပထမရွှေကျင်ဆရာတော်ကြီးထံ လှူဒါန်းခဲ့သည့် အဆိုပါ နယ်မြေသည် မျိုးသုဉ်းရန်အန္တရာယ်ရှိသော သတ္တဝါများ ရှင်သန်ကျက်စားနေသည့် နယ်မြေလည်းဖြစ်သည်။ အဆိုပါ ဘေးမဲ့တောအတွင်း တောတောင်သဘာဝ အလှအပရှုခင်းများသာမက အဖိုးတန်ရှေးဟောင်းယဉ်ကျေးမှု လက်ရာများဖြင့် ခံ့ညားထည်ဝါသည့် အဆောက်အအုံများရှိနေခြင်းကလည်း ထူးခြားလှသည်။

မြန်မာလူမျိုးတို့သည် ထေရဝါဒဗုဒ္ဓဘာသာကို အများစု ကိုးကွယ်ကြပြီး သံသရာအကျိုးစီးပွားအလို့ငှာ အလှူဒါနများ ပြုလုပ်ကြရာတွင် သစ်ပင်များစိုက်ပျိုး၍ ဥယျာဉ်တည်ထောင်သည့် ထာဝရစောင့်ရှောက်ဘေးမဲ့ပေးသည့် ဇီဝိတဒါနမျိုးကိုလည်း စိတ်အားထက်သန်စွာ ပြုလုပ်လေ့ရှိကြသည်။ သို့ရာတွင် အခြားတစ်ဖက် သားငှက်တိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ရောင်းချ အသက်မွေးခြင်း၊ စားသောက်ခြင်းတို့ ရှေးကတည်းမှ ယခုခေတ်အထိတိုင် ဆက်လက်တည်ရှိနေဆဲဖြစ်သည်ကိုလည်း တွေ့ရသည်။ ယခုကဲ့သို့ ဆောင်းရာသီတွင် မြန်မာနိုင်ငံအတွင်းရှိ သဘာဝရေကန်ကြီးများ၊ မြစ်ချောင်းအင်းအိုင် ရေဝပ်ဒေသများသို့ ဆောင်းခိုငှက်များ ဝင်ရောက်လာကြရာ ငှက်ဖမ်းသမားတို့က နည်းမျိုးစုံဖြင့် ဖမ်းဆီးရောင်းချ စားသောက်ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံသို့ နှစ်စဉ်အောက်တိုဘာလတွင် ဆောင်းခိုငှက်များ ဝင်ရောက်လာကြပြီး ဧပြီလတွင် ပြန်လည်၍ ထွက်ခွာကြခြင်းဖြစ်ရာ ပြည်တွင်း၌ ၎င်းတို့နေထိုင်ကျက်စားကြစဉ်ကာလအတွင်း ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းပေးရန် လိုအပ်သည်။

ကမ္ဘာ့မြောက်ခြမ်းဒေသများ၌ ဆောင်းရာသီတွင် အအေးဓာတ်ပြင်းထန်ပြီး အစာရေစာရှားပါးလာချိန်၌ ဆောင်းခိုငှက်များသည် အအေးဓာတ်လျော့နည်း၍ အစာရေစာပေါများသည့် ကမ္ဘာ့တောင်ခြမ်းဒေသများသို့ မိုင်ပေါင်းထောင်ချီပျံသန်းကာ ရွှေ့ပြောင်းကျက်စားကြသည်။ ဆောင်းရာသီကုန်ဆုံးချိန် မူရင်းဒေသများသို့ ပြန်လည်ထွက်ခွာသွားကြရာတွင် လူတို့၏ ဖမ်းဆီးသတ်ဖြတ်မှုများအပါအဝင် အခြားသောအကြောင်းအရာများကြောင့် နှစ်စဉ်ကောင်ရေများ လျော့ကျသည့် အခြေအနေများကို တွေ့ရှိနေရသည်ဟု ဆိုသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ စားကျက်နယ်မြေများတွင် ဌာနေတိုင်းရင်းငှက်များအပြင် နှစ်စဉ်ဆောင်းခိုငှက်မျိုးစိတ်ပေါင်း ၃၀၀ ကျော် လာရောက်ကျက်စားလေ့ရှိရာ ကမ္ဘာ့ပေါ်တွင် ကောင်ရေအနည်းငယ်မျှသာကျန်ရှိပြီး မျိုးသုဉ်းမည့် အန္တရာယ်ကျရောက်တော့မည့် ငှက်မျိုးစိတ်အချို့လည်း ပါဝင်နေခြင်းဖြစ်သည်။ ဆောင်းခိုငှက်များ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မှတ်တမ်းများယူခြင်း၊ စာရင်းပြုစုခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့ကို တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသော်လည်း ၎င်းတို့အလှမ်းဝေးသည့် နေရာများစွာရှိနေရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

ကမ္ဘာ့မြောက်ခြမ်းမှ ဆောင်းခိုငှက်များ ကမ္ဘာ့တောင်ခြမ်းသို့ ပျံသန်းရာလမ်းကြောင်းကြီး ကိုးခုရှိသည့်အနက် မြန်မာနိုင်ငံသို့ အရှေ့အာရှ-ဩစတြေးလျလမ်းကြောင်းနှင့် အာရှအလယ်ပိုင်း လမ်းကြောင်းတို့မှ ငှက်များလာရောက်ကျက်စားကြခြင်းဖြစ်ပြီး နိုင်ငံခြားငှက်ကြည့်ဝါသနာရှင်များ စိတ်ဝင်စားကြသည့် ရှားပါးငှက်များလည်း ပါဝင်နေသည်။ ပြည်တွင်းရှိ ရေဝပ်နေရာ စားကျက်များသို့ ဆောင်းခိုငှက်များ လာရောက်ကျက်စားခြင်းသည် ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများအတွက် ဆွဲဆောင်မှုများပင်ဖြစ်ရာ ဆောင်းခိုငှက်များ၏ သဘာဝစားကျက်နယ်မြေများ အကြောင်းအမျိုးမျိုးကြောင့် မပျက်စီးစေရန် ဆောင်းခိုငှက်များကို ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရန်၊ ဝယ်ယူခြင်း၊ စားသောက်ခြင်းတို့မပြုရန် ဝိုင်းဝန်းတားဆီး ကာကွယ်ကြရပါမည့် အကြောင်း။ ။

**တို့ပြည်ထောင်စု တိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဟော်မုန်းဗေဒဆေးကုဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာ မိုးဝင့်အောင် ကို ဆေးတက္ကသိုလ်(၂) ရန်ကုန်ပါမောက္ခချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - စိုးစိုးနိုင် | | သတင်းထောက်မှူး - ခင်ရတနာ | |
| စာတည်းမှူး - မြင့်စိုး | | အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ | |
| စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း | | သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | | အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး | |
| သုတေသန - အိအိခင်နှင့် အဖွဲ့ | | သတင်းထောက်များ | |
| စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့ | | ဓာတ်ပုံသတင်းထောက် - တင်စိုး | |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | | အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့ | |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊** ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမွဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမွဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## နိုင်ငံ၏ ကုန်သွယ်မှုပမာဏတိုးတက်ရန်အတွက် ပို့ကုန်ကိုတိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်သကဲ့သို့ ပို့ကုန်မြှင့်တင်ရေး လုပ်ငန်းများကို အထောက်အကူဖြစ်စေသည့် သွင်းအားစုများ တင်သွင်းခြင်းဖြင့် ကုန်သွယ်မှုအားမျှခြေဖြစ်ရန်လည်းလို

**နေပြည်တော် ဇန်နဝါရီ ၂၈**

အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အစိုးရ - ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကောင်စီအတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ပြင်ပကျွမ်းကျင်ပညာရှင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ထိန်းကျောင်းလမ်းညွှန်မှုပြုပေး**

ဦးစွာ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမျိုးသားပို့ကုန် မဟာဗျူဟာ ၂၀၂၀ -၂၀၂၅ အကောင်အထည်ဖော်မှုကို ကြီးကြပ်ဆောင်ရွက်ရန်၊ အစိုးရ - ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၏ ပို့ကုန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အစီရင်ခံတင်ပြမှုများအပေါ် လေ့လာသုံးသပ်ပြီး မူဝါဒဆိုင်ရာလမ်းညွှန်မှုပေးရန်နှင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိန်းကျောင်းလမ်းညွှန်မှုပြုပေးရန်အတွက် “အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ” ကို ဖွဲ့စည်းထားပြီး ကောင်စီ၏အစည်းအဝေးများကို ယခုကဲ့သို့ ကျင်းပနေခြင်းဖြစ်ကြောင်း။

အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့များက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်မှုမပြုနိုင်ရေး တားဆီးဆောင်ရွက်ရန် အရေးကြီးသကဲ့သို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမယ်သစ်ထုတ်ကုန်များကို ဖော်ထုတ်ပြီး ဈေးကွက်ရှာဖွေတင်ပို့နိုင်ရေး ဆောင်ရွက်ရန်လည်းလိုကြောင်း၊ ကုန်သွယ်မှုဆိုရာတွင် ပို့ကုန်နှင့် သွင်းကုန်လုပ်ငန်းနှစ်ရပ်လုံး ပါဝင်ကြောင်း၊ နိုင်ငံ၏ကုန်သွယ်မှုပမာဏ တိုးတက်ရန်အတွက် ပို့ကုန်ကို တိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်သကဲ့သို့ ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေသည့် သွင်းအားစုများ တင်သွင်းခြင်းဖြင့် ကုန်သွယ်မှုအားမျှခြေဖြစ်ရန်လည်း လိုအပ်ကြောင်း။

၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုပမာဏ လျာထားချက်ကို ပြည့်မီအောင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိက အသင်းအဖွဲ့များက ပူးပေါင်းပြီး တွန်းအားပေးဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ ယနေ့အစည်းအဝေးမှ ဆွေးနွေးရရှိမှုများအပေါ် ကဏ္ဍများအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးကို ရှေးရှုပြီး လိုအပ်သည့် လမ်းညွှန်မှုများကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်များကလည်း မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍများ၏ အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် ပံ့ပိုးပူးပေါင်းဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမျိုးသားပို့ကုန် မဟာဗျူဟာ ၂၀၂၀ - ၂၀၂၅ ကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကောင်စီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ထားရှိမှုများ၊ ပံ့ပိုးဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

### ၂၈ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၅၀,၀၀၀) ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

### ထူးခြားသည့် ညအပူချိန်များ ၂၈-၁-၂၀၂၅

| | | | | | |
|---|---|---|---|---|---|
| ဟားခါးမြို့ | - ၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | မြစ်ကြီးနားမြို့ | ၈ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန်မြို့ | ၄ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်းမြို့ | ၈ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | စစ်တွေမြို့ | ၉ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန်မြို့ | ၅ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် | မင်းကင်းမြို့ | ၁၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင်မြို့ | ၆ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် | မချမ်းဘောမြို့ | ၁၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုးမြို့ | ၇ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် | | | |

မိုး/ဇလ

**တိုင်းပြည်သာယာဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅)သို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ် သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန် ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသ ကြီးနှင့် ပြည်နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် များက Online ဖြင့် တက်ရောက်ကြသည်။

**ပုံကြီးချဲ့ဆောင်ရွက်ခြင်းသာဖြစ်**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ခြင်းနှင့်ပတ်သက်၍ ပြည်သူ လူထုအကြား သတင်းမှန်၊ သတင်းမှား မြောက်မြားစွာ ဖြစ်ပေါ်လျက်ရှိနေ ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအဆင့်မှစ၍ မြို့နယ်၊ ခရိုင် စသည့် အဆင့်ဆင့်၏ အားနည်းချက်များကို မီဒီယာများသာမက ပုဂ္ဂလိကတစ်ဦးချင်းကပါ ထောက်ပြ ပြောဆိုမှုများရှိကြောင်း၊ အများစုသည် သတင်းမှန်အနည်းငယ်ကို အခြေခံပြီး ပြည်သူလူထု အထင်အမြင်မှားစေရန်၊ စစ်မှုထမ်းဆင့်ခေါ်မှုပုံရိပ် ထိခိုက်ကျဆင်း စေရန် ပုံကြီးချဲ့ဆောင်ရွက်ခြင်းသာ ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအပေါ် မမှန် မကန်ဆောင်ရွက်မှုများရှိကြောင်း တွေ့ရှိ ပါက ထိရောက်စွာ အရေးယူသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မတရားပြုလုပ် ကြောင်း မှန်ကန်သည့်အတွက် ထိရောက် စွာ အရေးယူသွားရန်၊ အရေးယူပြီး၊ အရေးယူဆဲအမှုများလည်း ရှိနေကြောင်း၊ အလားတူ ပြည်သူ့စစ်မှုထမ်းရန်ကိစ္စနှင့် ပတ်သက်၍ မှန်ကန်မှုမရှိဘဲ လုပ်ကြံ ပြောဆိုဝါဒဖြန့်ခြင်း၊ မမှန်မကန်တိုင်ကြား ခြင်းများရှိပါက တိကျစွာဖော်ထုတ်၍ အရေးယူသွားရန်လိုအပ်မည်ဖြစ်ကြောင်း။

**စိစစ်ခွင့်ပြုပေးလျက်ရှိ**

ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံရသည့် ရပ်၊ ကျေးအုပ်ချုပ်ရေး အဖွဲ့များ၊ မြို့နယ်အဖွဲ့များအနေဖြင့် ပြည်သူနှင့် ဆက်ဆံရေးကောင်းမွန်စေရန်၊ ငွေကြေးဆိုင်ရာ မသမာမှုများမရှိစေရန်၊ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှုရှိစေရန်တို့အတွက် တာဝန် ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ရန် လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဗဟိုအဖွဲ့ အနေဖြင့် ပြည်သူများတင်ပြလာသည့် ကင်းလွတ်၊ လျှော့ပေါ့၊ ရွှေ့ဆိုင်းခွင့်များ နှင့်စပ်လျဉ်း၍ စိစစ်ခွင့်ပြုပေးလျက်ရှိ ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပြီး ဥပဒေ အရ သတ်မှတ်ထားသော အသက် ကန့်သတ်ချက်အတွင်းရှိသူများ သတ်မှတ် ကာလအလိုက် အဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက် သွားရန် လိုမည်ဖြစ်ကြောင်း၊ ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အနေဖြင့် စာရင်းဇယားမှန်ကန်ရန်နှင့် ရေရှည်တွင် မှတ်တမ်းထည့်သွင်းမှု လွယ်ကူစေရန် အတွက် ပြည်သူ့စစ်မှုထမ်း ကိုယ်ရေး အချက်အလက်စီမံခန့်ခွဲမှုစနစ် (National Service Information Management System-NSIMS)ကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အစည်း အဝေး တက်ရောက်လာသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးနှင့် စပ်လျဉ်း၍ တွေ့ကြုံခဲ့ရသည့်အခက်အခဲ များ၊ အားသာချက်၊ အားနည်းချက်များ အပေါ် အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

**စနစ်တကျကြပ်မတ်ဆောင်ရွက်**

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဒေသအလိုက် ပြည်သူ့ စစ်မှုထမ်းများစုဆောင်းရာတွင် သတ်မှတ် ထားသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံး လုပ်နည်းများအတိုင်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ရေးလုပ်ငန်းစဉ်များကို မြေပြင်တွင် အမှန် တကယ်ဆောင်ရွက်နေသည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် တာဝန်ရှိသူ များကို စနစ်တကျကြပ်မတ်ဆောင်ရွက် ရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြား သည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဥက္ကဋ္ဌများ နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**စည်းကမ်းစနစ်တကျလုပ်ဆောင်**

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဥပဒေပါ သတ်မှတ် အကျုံးဝင်သည့် အရေအတွက်ကို စနစ်တကျမှန်ကန်အောင် ကြိုတင်ပြုစု ထားပြီး သက်ဆိုင်သူများ သိရှိရေး ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ သို့မှသာ အမှန်တကယ်စုဆောင်းသည့် အခါတွင် မသမာမှုများမပြုလုပ်နိုင်ဘဲ အများက လက်ခံယုံကြည်နိုင်သည့် အနေအထားတစ်ရပ်ကို ရရှိမည်ဖြစ် ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်း သည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် တစ်ခုဖြစ်သည့်အတွက် စီမံခန့်ခွဲမှု ကောင်းကောင်းဖြင့် စည်းကမ်းစနစ်တကျ လုပ်ဆောင်ရမည့် ကိစ္စဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းတစ်ဦးအဖြစ် ကိုယ်တိုင် က နိုင်ငံသားကောင်းပီသစွာ တာဝန် ထမ်းဆောင်နိုင်ရေး ကြိုးစားလုပ်ဆောင် သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ အတင်း အဓမ္မဖိအားပေးစုဆောင်းခြင်းမျိုး မဖြစ် စေဘဲ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတို့နှင့်အညီ စနစ်တကျ ကြိုးစားစုဆောင်းကြစေရေး အလေးထား ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြား ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

---

# ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများနှင့်စပ်လျဉ်း၍ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်ပနိုင်ငံများတွင် အလုပ် လုပ်ကိုင်နေသည့် မြန်မာအလုပ် သမားများနှင့်စပ်လျဉ်း၍ ပြည်ပ တွင် အလုပ်လုပ်ကိုင်မှုကြီးကြပ် ရေးကော်မတီအဖွဲ့ဝင်များ ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်း တွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ကော်မတီဒုတိယ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည် ထောင်စုဝန်ကြီး ဦးမြင့်နောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ပတွင် ရောက်ရှိအလုပ် လုပ်ကိုင်လျက်ရှိသည့် မြန်မာ အလုပ်သမားများအား သက်ဆိုင်ရာ နိုင်ငံများမှ ထုတ်ပြန်ထားသည့် ဥပဒေများနှင့်အညီ ကာကွယ် စောင့်ရှောက်မှုများ ရရှိစေရေး၊ ပြည်ပနိုင်ငံများမှ မိသားစုလွှဲပို့ငွေ များ စနစ်တကျလွှဲပြောင်းပေးပို့ ဆောင်ရွက်နိုင်ရေးနှင့် တရား မဝင် သွားရောက်အလုပ်လုပ်ကိုင် သည့် မြန်မာအလုပ်သမားများ အား တရားဝင်အလုပ်သမားများ အဖြစ် အသိအမှတ်ပြုဆောင်ရွက် ပေးနိုင်ရေးအတွက် နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

# ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ စီမံချက်ပါအညွှန်းကိန်းများရရှိအောင် ရေရှည်ဆောင်ရွက်သွားရမည်




**နေပြည်တော် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားအဆင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အလုပ်ရှင်အဖွဲ့အစည်းနှင့် လူမှုအဖွဲ့အစည်းများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ရေရှည်ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုများ၊ အခက်အခဲများ၊ အားနည်းချက်များရှိသော်လည်း ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ စီမံချက်ပါ အညွှန်းကိန်းများရရှိအောင် ရေရှည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့် လုပ်ငန်းကော်မတီ (၈)ရပ်အနေဖြင့် လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈ ခုနှစ်) ပါ အညွှန်းကိန်းများကို ရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ကလေးအလုပ်သမားအများစုသည် ဆင်းရဲနွမ်းပါးမှု၊ ပညာသင်ယူခွင့်အားနည်းမှုနှင့် မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေရအလုပ်အကိုင်များကို မဖြစ်မနေလုပ်ကိုင်ရန် ဖိအားများ ကြုံတွေ့နေရသဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များကို အရှိန်အဟုန်မပြတ် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် အမျိုးသားကော်မတီဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးကို အထိရောက်ဆုံးအောင်မြင်အောင် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အားနည်းချက်၊ အားသာချက်များကို ပွင့်လင်းစွာ ဆွေးနွေးတင်ပြသွားစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြပြီး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ဆဋ္ဌမအကြိမ် အမျိုးသားကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းကော်မတီ (၈)ရပ်၏ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ဒုတိယငါးနှစ်လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး အမျိုးသားကော်မတီ တွဲဖက်အတွင်းရေးမှူးက သတ္တမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❑ *ရှေ့ဖုံးမှ*

ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာဖြစ်သူ တပ်ကြပ်ကြီး နေလင်းဦးနှင့် အသည်းအလှူရှင် ဆရာတော် ဉူးမာနိတတို့ကို ခွဲစိတ်ကုသခဲ့ခြင်း ဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင်စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၅ နာရီခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီ ခန့် ကြာမြင့်ခဲ့သည်။

အသည်းအလှူရှင်နှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ပြီး ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❍ *ရှေ့ဖုံးမှ*

စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေလည်း အဆင်ပြေတဲ့အတွက် အခုဆိုရင် တောင်သူတွေ အားထားစိုက်ပျိုးခဲ့တဲ့ ကုလားပဲစိုက်ခင်းတွေဟာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ လက်ရှိမှာ တောင်သူတွေက မိမိတို့ရဲ့ ကုလားပဲစိုက်ခင်းတွေကို တစ်ဧက ပန်းတိုင်အထွက်နှုန်းများရရှိအောင် လိုအပ်တဲ့ ပိုးမွှားကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မြေဆီမြေဩဇာကျွေးခြင်း၊ အပင်အားဆေးနဲ့ အသီးတင်ဆေးများ ပက်ဖျန်းခြင်း စတဲ့ စိုက်ပျိုးရေးသွင်းအားစု ထည့်သွင်းခြင်းများကို ကြိုးပမ်းလုပ်ဆောင်နေကြပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ကုလားပဲသီးနှံ တစ်ဧကကို တင်း ၂၀ ခန့်ထွက်ရှိပြီး ရောင်းချရာမှာလည်း ဈေးကောင်းရရှိခဲ့လို့ ကုလားပဲစိုက်ပျိုးတောင်သူတွေ လုပ်ငန်းအဆင်ပြေကြတယ်။ ဒီနှစ်လည်း ကုလားပဲသီးနှံပေါ်ချိန်မှာ ဈေးကောင်းရရှိဖို့ မျှော်လင့်မိပါတယ်" ဟု ပွင့်ဖြူမြို့နယ် လက်ပန္နယ်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရန်နှင့် စားနပ်ရိက္ခာဖူလုံစေရန်အတွက် ဆောင်းသီးနှံကုလားပဲစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး ၂၁၈၄၃ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ ယနေ့အထိ ၅၆၀၅၁ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး သတ်မှတ်လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

---

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

---

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC-1 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါ အခမ်းအနားကျင်းပမည့် နေရာကန့်သတ်ချက်အရ သတင်းမီဒီယာသမားဦးရေအား A Zone၊ B Zone ခွဲခြားသတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသည့် သတင်းမီဒီယာများ အနေဖြင့် သတင်းမီဒီယာတစ်ခုလျှင် (၂) ဦးနှုန်းဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါ၍ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ရာထူးတာဝန်၊ သတင်းဌာနအမည်စသည့် သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက်များကို ဖြည့်စွက်ကာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ(နေပြည်တော်)၊ ၀၆၇-၃၄၁၂၁၄၃၊ iprd.crd.npt @gmail.com၊ (ရန်ကုန်)၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ၃၁-၁-၂၀၂၅ ရက်နေ့ အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

---

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ယနေ့နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# တောင်ကြီးမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

## စာပေ လေ့လာဖတ်ရှု၍ ရရှိလာသည့် အသိပညာများဖြင့် မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်

**တောင်ကြီး ဇန်နဝါရီ ၂၈**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာ ဗဟုသုတများကို ပြန်လည်အသုံးချ မျှဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့ တက်ရောက် အားပေးကြသည်။

### ဂုဏ်ပြုချီးမြှင့်

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းလွင်ဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့၊ မြန်မာ့ သိုင်း သရုပ်ပြအဖွဲ့၊ Fitness Dance အဖွဲ့၊ ဦးရွှေရိုး၊ ဒေါ်မိုးအက အဖွဲ့နှင့် ကိန္နရီ၊ ကိန္နရာ အကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် ကာယ၊ ဉာဏ ပြိုင်ပွဲများဖြစ်သည့် ရုပ်ပုံဆက်၊ စကားပုံဆက်၊ မြားပစ်၊ စက်ဝိုင်းလှည့်၊ ဂုန်နီအိတ်စွပ်၊ ဆန်ကောရွက်၊ ခုံဖိနပ်စီး၊ ခွက်နင်း၊ ခါးလှည့် ပြိုင်ပွဲများနှင့် စာအုပ်အရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ကျောင်းသား ကျောင်းသူများအား အာဟာရဒါနများ ပေးဝေ၍ကာ ကလေးငယ်များအား အမှတ်တရ အရုပ် လက်ဆောင်များ ပေးအပ်၍ ပညာ့ဗိမာန် ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါ ကျောင်း မြသီရိခန်းမ၌ ကျင်းပရာ တောင်ကြီးမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"အလှဆုံးပန်းများ ပွင့်ကြပြီ"** သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး **"နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်"**၊ **"အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည်"** Video Clip တို့ကို ပြသသည်။

### ဖတ်ရှုကြရန်လို

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယနေ့အချိန်တွင် လူတိုင်းလူတိုင်းက အသိပညာကို ရှာမှီးပြီး မိမိဘဝကို လှပစွာ ဖန်တီးလျက်ရှိကြပါကြောင်း၊ လူငယ်များအနေဖြင့် အသိပညာရှာမှီးပြီး မိမိတို့ဘဝ တိုးတက်စေရန်နှင့် နိုင်ငံကို အကျိုးပြုနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ကျင်းပပြီး လူငယ်များ စာပေဖတ်ရှုလာအောင် လှုံ့ဆော်ပေးနေသော်လည်း နောင်တွင် မည်သူမျှ လှုံ့ဆော်ရန်မလိုဘဲ မိမိအသိစိတ်ဓာတ်ဖြင့် စာပေလေ့လာ ဖတ်ရှုကြရန် လိုအပ်ပါကြောင်း။



မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တောင်ကြီးမြို့၌ ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် အမှာစကားပြောကြားစဉ်။

### နိုင်ငံ့အကျိုးဆောင်ရွက်စေလို

နိုင်ငံတော် အကြီးအကဲက စာပေလေ့လာဖတ်ရှုရန်၊ စာပေမှ ရရှိသော အသိပညာများကို မှတ်သားရန်နှင့် အခြားသူများကိုလည်း ပြန်လည်ဆွေးနွေး မျှဝေကြရန် မှာကြားထားပါကြောင်း၊ စာကြည့်တိုက်များကို အသိပညာများ၊ သိုလှောင်ထားသည့် ပညာဘဏ်တိုက်များအဖြစ် ရှုမြင်ပြီး တန်ဖိုးထားကြ စေလိုကြောင်း၊ စာအုပ်စာစောင် အဟောင်းများကို မဖတ်ရသေးပါက အသစ်ဟု သဘောထား၍ ဖတ်မှတ်လေ့လာကြရန် လိုအပ်ပါကြောင်း၊ စာမတတ်သူသည် ထိုင်နေသည့် လူနှင့်တူပြီး စာတတ်ပြီး စာမဖတ်သူမှာ ရပ်နေသည့် လူနှင့်တူကြောင်း၊ စာတတ်ပြီး စာပေလေ့လာ ဖတ်ရှုသူဖြစ်မှသာ လမ်းလျှောက်နေသည့် လူနှင့်တူသည်ဟု နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့်အတွက် ကျောင်းသားလူငယ်များအနေဖြင့် စာလည်းတတ်၊ စာလည်း ဖတ်ပြီး အသိဉာဏ်ပညာ ပြည့်ဝစွာဖြင့် အနာဂတ်ကို လျှောက်လှမ်းနေကြရမည်ဖြစ်ကြောင်း၊ စာပေလေ့လာဖတ်ရှု၍ ရရှိလာသည့် အသိပညာများဖြင့် မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

### လက်ခံရယူ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွက် DTH စလောင်း အစုံ ၁၀၀ နှင့် DVB T2 Set Top Box အလုံး ၁၀၀ အား ပေးအပ်လှူဒါန်းရာ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က လည်းကောင်း၊ တပ်နယ်များအတွက် DTH စလောင်း အစုံ ၅၀ နှင့် DVB T2 Set Top Box အလုံး ၁၀၀ အား ပေးအပ်လှူဒါန်းရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူး နိုင်လင်းက လည်းကောင်း၊ တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများအတွက် DTH စလောင်း ၁၅ လုံးအား ပေးအပ်လှူဒါန်းရာ ပြည်နယ်ပညာရေးမှူးတို့က လက်ခံရယူသည်။

ထို့နောက် ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကို နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ စာကြည့်တိုက်အသစ်များ တည်ဆောက်ပေးလျက် ရှိပါကြောင်း၊ ရှမ်းပြည်နယ်တွင် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်များ ကျင်းပလျက်ရှိရာ ယခုပွဲတော်သည် (၁၃) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ခရိုင်နှင့်မြို့နယ်များတွင် စဉ်ဆက်မပြတ် ဆက်လက်ကျင်းပသွားမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၇ သို့*





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွက် DTH စလောင်းအစုံ ၁၀၀နှင့် DVB T2 Set Top Box အလုံး ၁၀၀ ပေးအပ်စဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာစောင်များ လှူဒါန်းပေးအပ်စဉ်။

*စာမျက်နှာ ၆ မှ*

ယနေ့အချိန်တွင် ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ဗဟုသုတ ပြည့်စုံကြွယ်ဝဖို့ အလွယ်ကူဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းမှာ စာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားရေး ရည်မှန်းချက်များ အောင်မြင်စေရေးနှင့် မြန်မာနိုင်ငံကို ကမ္ဘာနှင့်ရင်ပေါင်တန်းကာ သာယာဝပြောသည့် လူ့ဘောင်အသိုက်အဝန်း တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာ ကြွယ်ဝသော လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်သဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားကာ ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာစောင်များ လှူဒါန်းပေးအပ်သည်။

ယင်းနောက် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် ကျောင်းအုပ် ဆရာမကြီးတို့က အလှူရှင်များထံမှ စာအုပ်စာစောင်များနှင့် အလှူငွေများ လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ဂုဏ်ပြုငွေများပေးအပ်**

ဆက်လက်၍ တောင်ကြီးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ရှမ်းတိုင်းရင်းသားအက"** ဖြင့် လည်းကောင်း၊ **"ပအိုဝ်းတိုင်းရင်းသားအက"** ဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြကာ အကအဖွဲ့များကို ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်တွင် ခင်းကျင်းပြသထားသော စာအုပ်နှင့်ဓာတ်ပုံပြပွဲ၊ သိပ္ပံပြခန်း၊ မူးယစ်ဆေးဝါး အသိပညာပေးပြခန်း၊ စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ **"တားဆီးကာကွယ်မီဒီယာ အဆိပ်သင့် အန္တရာယ်"** နှင့် **"အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်"** Video Clip တို့ကို ပြသသည်။

**ဆွေးနွေးမှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မသမာသူများက သတင်းတု၊ သတင်းမှား ထုတ်လွှင့်၍ ပြည်သူများအား အတွေးအမြင်လွဲမှားအောင် ဆောင်ရွက်နေကြပါကြောင်း၊ လူငယ်များအနေဖြင့် သတင်းမှားများကို မယုံကြည်ဘဲ မှန်ကန်စွာ ဝေဖန်ပိုင်းခြားတတ်ရန် လိုအပ်ကြောင်း၊ လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်အတွက် အားကိုးအားထားရသည့် လူ့စွမ်းအား အရင်းအမြစ်များဖြစ်သဖြင့် စာပေဖတ်ရှုလေ့လာ၍ အသိအမြင်တိုးပွားအောင် ဆောင်ရွက်ကြစေ လိုကြောင်း ဆွေးနွေးမှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အောင်သာယာကျေးရွာရှိ အောင်သာယာစာကြည့်တိုက်သို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တောင်ကြီးမြို့ပေါ်ရှိ တက္ကသိုလ်များအတွက် DTH စလောင်း ၁၀စုံ ပေးအပ်လှူဒါန်းရာ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကေသီသင်က လက်ခံရယူပြီး ကျောင်းသားကျောင်းသူများအား DTH စလောင်း ၁၀ စုံနှင့် DVB T2 Set Top Box ၁၀ လုံးအား ကံစမ်းမဲဖောက်၍ လက်ဆောင်ပေးအပ်ကာ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာ ကေသီသင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ကာကွယ်စောင့်ရှောက်**

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ ဒေသစီမံအုပ်ချုပ် ရေး အဖွဲ့ခန်းမ၌ ပြုလုပ်သည့် MRTV DTH စလောင်းနှင့် DVB T2 Set Top Box ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့အချိန်တွင် မီဒီယာကို ကိုယ်ကျိုးစီးပွားအတွက် မလျော်မကန် အသုံးပြုနေကြကြောင်း၊ မီဒီယာများပေါ်တွင် အမှန်တရားနှင့်ကင်းလွတ်သည့် သတင်းများနှင့် ကိုယ်ကျိုးအတ္တကို ရှေ့တန်းတင် ဖော်ပြမှုများကြောင့် အကျိုးယုတ်လျက် ရှိပါကြောင်း၊ သတင်းတု၊ သတင်းမှားများ ချေဖျက်ရန်နှင့် သတင်းမှန်များ မှန်ကန်စွာ စီးဆင်းရန်အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံအပေါ်သစ္စာစောင့်သိ၍ အဖျက်သမားများရန်မှ ကာကွယ် စောင့်ရှောက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးရေးအတွက် DTH စလောင်း အစုံ ၁၀၀ နှင့် DVB T2 Set Top Box အလုံး ၅၀ တို့အား ပေးအပ်လှူဒါန်းရာ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးကလည်းကောင်း၊ ပအိုဝ်းအမျိုးသား အသွင်ပြောင်းပြည်သူ့စစ် (ဌာနေ) အတွက် DTH စလောင်း အစုံ ၃၀ အား ပေးအပ်လှူဒါန်းရာ ကိုယ်စားလှယ်တစ်ဦးက လည်းကောင်း လက်ခံရယူသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ ပအိုဝ်းအမျိုးသား အသွင်ပြောင်း ပြည်သူ့စစ် (ဌာနေ) မှ ကိုယ်စားလှယ်တစ်ဦးက DTH စလောင်းများ ပေးအပ်ခြင်းအတွက် လည်းကောင်း ကျေးဇူးတင်စကားများ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့နှင့်အတူ အောင်သာယာကျေးရွာတွင် တည်ဆောက်ပြီးစီးနေသည့် အောင်သာယာစာကြည့်တိုက် အဆောက်အအုံကို သွားရောက်ကြည့်ရှုကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ ကျောင်းသားလူငယ်များ ရုပ်ပုံဆက်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးစဉ်။

## ညောင်တုန်းမြို့ စည်ပင်သာယာမြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ညောင်တုန်း ဇန်နဝါရီ ၂၈**

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အတွင်းရှိ ဈေးများ မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက စည်ပင်သာယာမြို့မဈေး၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အလေးထားလိုက်နာ ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြား၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းဟောပြောသည်။

ထို့နောက် အရေးပေါ်မီးလောင်မှု ဖြစ်ပွားသည့်အခါ မီးငြိမ်းသတ်ရေး ကိရိယာအမျိုးမျိုးနှင့် မီးသတ်ဆေးဘူးများကို လက်တွေ့အသုံးပြု၍ စနစ်တကျ မီးငြိမ်းသတ်ခြင်းများကို ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများနှင့်အတူ သရုပ်ပြလေ့ကျင့်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## သထုံမြို့နယ်၌ မူလတန်းကြို ကျောင်းသားကျောင်းသူများအား အာဟာရပြည့် နေ့လယ်စာကျွေးမွေး

**သထုံ ဇန်နဝါရီ ၂၈**

မွန်ပြည်နယ် သထုံမြို့နယ် ကျောင်းကျန်းမာရေး ကော်မတီ၏ စီမံမှုဖြင့် KG ကျောင်းသားကျောင်းသူများအား ကျောင်းတွင်း နေ့လယ်စာအာဟာရ ကျွေးမွေးခြင်းကို ယနေ့နံနက်ပိုင်းက သိမ်ကုန်းရပ်ကွက်ရှိ ညောင်ဝိုင်းအခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်သည်။

ကျောင်းတွင်း အာဟာရ ကျွေးမွေးရာတွင် ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းဦး၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ထွေးနှင့် မြို့နယ်ကျောင်းကျန်းမာရေး ကော်မတီဝင်များ၊ တာဝန်ရှိသူများက နေ့လယ်စာအာဟာရ ကျွေးမွေးရေး စနစ်တကျ စီမံချက်ပြုတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အဆိုပါကျောင်းရှိ KG ကျောင်းသား ကျောင်းသူတို့ကို အသားဓာတ်၊ ကစီဓာတ်၊ အဆီဓာတ်၊ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်၊ ရေဓာတ် စသည့် အာဟာရဓာတ်များ ပြည့်စုံကြွယ်ဝစေရေး ပြင်ဆင်ချက်ပြုတ်ထားသည့် နေ့လယ်စာအာဟာရတို့ကို စနစ်တကျ ကျွေးမွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



# တောမီးကြံ့ကြံ့ခံနိုင်ခြင်း၊ ဒေသခံများ၏ လူမှုစီးပွားနှင့် ဈေးကွက်ချိတ်ဆက်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

တောမီးကြံ့ကြံ့ခံနိုင်ခြင်း၊ ဒေသခံများ၏ လူမှုစီးပွားနှင့် ဈေးကွက်ချိတ်ဆက်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း၏ ကနဦးအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်တောများပျက်စီးပြုန်းတီးစေသည့် အကြောင်းရင်းများအနက် တောမီးလောင်မှုသည် ကြီးမားသောပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေပြီး ဂေဟစနစ်နှင့် ဇီဝမျိုးစုံ မျိုးကွဲများကို ပျက်စီးစေသည့်အပြင် မီးခိုးမြူငွေ့များကြောင့် လူသားများ၏ ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ နိုင်ငံအဆင့် နယ်စပ်ဖြတ်ကျော်တောမီးနှင့်မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ထိုင်း၊ လာအို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တောမီးလောင်မှုမရှိစေရေးနှင့် ထိန်းချုပ်မှုများ ဆောင်ရွက်နိုင်ရေး၊ တောမီးကာကွယ်ရေးလုပ်ငန်းများတွင် ဆက်စပ်ဌာနများနှင့် ဒေသခံများ ပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီမံကိန်း၏ အဓိကရည်ရွယ်ချက်ဖြစ်သော တောမီးဖြစ်ပွားမှု စီမံအုပ်ချုပ်မှုစနစ်တစ်ခု တည်ဆောက်ရာတွင် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုသွားရန် တိုက်တွန်းပြောကြားသည်။(ဝဲပုံ)

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ တက်ရောက်လာသူများက မြန်မာနိုင်ငံအတွင်း Fire Hotspots ဖြစ်ပေါ်မှုလျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ထိန်းချုပ်ရေး၊ မြန်မာနိုင်ငံ၏ တောမီးလောင်မှုနှင့် တောမီးစီမံအုပ်ချုပ်မှုဆိုင်ရာ အခြေအနေများ၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အားကစားနှင့်လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌တွေ့ဆုံ၍ အားကစားနှင့်လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြီး တိုင်းဒေသကြီးကိုယ်စားပြု မျိုးဆက်သစ် အားကစားသမားများစွာ မွေးထုတ်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမနှင့် အားကစားကွင်းတို့ကို လည်းကောင်း၊ ရွှေဝယ်သီရိရင်ပြင်ရှိ ဖူဆယ်အားကစားခန်းမနှင့် ရွှေဝယ်သီရိ အားကစားခန်းမတို့ကိုလည်းကောင်း၊ ကာယဗလ အားကစားရုံနှင့် ဂျူဒိုလေ့ကျင့်ရေး အားကစားရုံတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ရွှေဝယ်သီရိ အားကစားခန်းမ၌ လေ့ကျင့်လျက်ရှိသည့်ဘော်လီဘော မျိုးဆက်သစ် အားကစားသမားများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ရွှေဝယ်သီရိ စားပွဲတင်တင်းနစ်အသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များနှင့်ပတ်သက်ပြီး ပေးအပ်ချီးမြှင့် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးပြောကြားကာ ထားဝယ်ခရိုင်နှင့် ထားဝယ်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး ဇန်နဝါရီ ၂၈**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်နှင့် ဝန်ထမ်းများ၊ လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဗိုလ်မှူးရာဇာ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် အေးချမ်းသာကျေးရွာ ဘုန်းတော်ကြီး ကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆွေးနွေးသည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အေးချမ်းသာကျောင်း ဆရာတော်ထံ ပဌာန်းကျမ်းစာအုပ်ငါးအုပ်နှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုးက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများ၏ စိုက်ပျိုးရေး ထုတ်ကုန်များ တိုးတက်ရေး၊ သီးထပ်စွမ်းအားမြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဆောင်းသီးနှံများနှင့် ဆီထွက်သီးနှံများကို အောင်မြင်အောင် စိုက်ပျိုးရေး၊ စားအုန်းဆီအစား ဒေသထွက် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီစွာထွက်ရှိ၍ ဒေသတွင်း စားသုံးဆီဖူလုံရေးတို့ကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်အကူအညီရယူ ဆောင်ရွက်သွားကြရန်၊ ပညာသင်ကြားရေးတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်နိုင်ရေး၊ အတန်းစဉ်အလိုက် စဉ်ဆက်မပြတ် ကူးပြောင်းတက်ရောက် သင်ကြားနိုင်ရေးအတွက် မိဘ၊ ဆရာများ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ရန် မှာကြားဆွေးနွေးသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဗိုလ်မှူးရာဇာက ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးပြီး နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်က သဘာဝဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများကို အသိပညာပေးပြောကြားသည်။ ထို့နောက် အေးချမ်းသာမှ ဒေသခံပြည်သူများက လမ်း၊ လျှပ်စစ်မီး၊ ရေကာတာ လိုအပ်ချက်များ တင်ပြဆွေးနွေးရာ နေပြည်တော် ကောင်စီဝင်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် ဖြူစင်စေတနာ ပရဟိတအသင်းမှ တာဝန်ရှိသူများက အေးချမ်းသာကျေးရွာမှ ရေဘေးသင့်အိမ်ထောင်စုများအနက် မသန်စွမ်းနှင့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု၊ မသန်စွမ်းအိမ်ထောင်စု၊ မိဘမဲ့အိမ်ထောင်စု ၄၅ စုအား တစ်အိမ်ထောင်စုလျှင် ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ဆန်တစ်အိတ်၊ ဆီ ၂၅ ကျပ်သား၊ ပဲတစ်ပြည်၊ ဆားတစ်အိတ်နှင့် လူသုံးကုန်ပစ္စည်း ခြောက်မျိုးအား ပေးအပ်လှူဒါန်းသည်။ အဆိုပါ ဖြူစင်စေတနာ ပရဟိတအသင်းမှ လယ်ဝေးမြို့နယ်အတွင်းရှိ အေးချမ်းသာ၊ အောင်ချမ်းသာ၊ ကွမ်းခြံ၊ ရုံးပင်၊ ဟေမာန်၊ အောင်သုခ၊ပေါင်းလောင်းကျေးရွာများရှိ အိမ်ထောင်စု ၂၄၁ ဦးကို ပေးအပ်လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ထို့နောက် ပေါက်မြိုင်ကျေးရွာရှိ တောင်သူဦးဇော်မင်းထွန်း၏ ရေသွင်းပြောင်းစိုက်ခင်းကို ကြည့်ရှုလေ့လာကာ ဆိုလာစနစ်ဖြင့် ရေတင်စိုက်ပျိုးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)

# သံဖြူဇရပ်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး

**သံဖြူဇရပ် ဇန်နဝါရီ ၂၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက ကျုံကဒတ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ကြသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဗိုလ်ဦးက တောမီးမရှို့ရေး၊ တစ်ဖက်ပိတ်ကန်များ တူးဖော်ရေး၊ မိုးရေစုကန်များပြုလုပ်၍ ရေကိုစုဆောင်းချွေတာ သုံးစွဲရေး၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးမရှို့ဘဲ သဘာဝမြေဩဇာပြုလုပ်နည်းများကို ပြုလုပ်နိုင်ရေး၊ သစ်တောထွက် သယံဇာတပစ္စည်းများ ထိန်းသိမ်းရေးနှင့် သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသော အကြောင်းအရာများကို ဆွေးနွေးဟောပြောပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများက သိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများလည်း ပါဝင်မည် ဖြစ်သည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ ပါဝင်ကြမည့် MSME လုပ်ငန်းရှင်များအနေဖြင့် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီးအဆိုပါပြိုင်ပွဲများ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်မှု အခြေအနေနှင့် စပ်လျဉ်း၍ အသေးစားစက်မှုလက်မှုလုပ်ငန်း ဆုရွေးချယ်ရေးနှင့် ချီးမြှင့်ရေးဆပ်ကော်မတီ အတွင်းရေးမှူး၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ငြိမ်းအေးနှင့် တွေ့ဆုံ မေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်-



ဒေါ်ငြိမ်းအေး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

**မေး။ ။ MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲမှာ ဘယ်လို MSME လုပ်ငန်းအမျိုးအစားတွေ ပါဝင်ယှဉ်ပြိုင်နိုင်တယ်ဆိုတာ အရင်ဆုံး ဖြေကြားပေးစေလိုပါတယ်။**

ဖြေ။ ။ MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲမှာ ပြိုင်ပွဲအမျိုးအစားခြောက်မျိုး ပါဝင်ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ အမျိုးအစားတွေကတော့ အသေးစား ထုတ်ကုန်တွေ (Micro Enterprises)၊ အငယ်စား ထုတ်ကုန်တွေ (Small Enterprises)၊ အလတ်စား ထုတ်ကုန်တွေ (Medium Enterprises)၊ စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်း၊ လက်မှုထည် စတဲ့ အသေးစား စက်မှုလက်မှုလုပ်ငန်းထုတ်ကုန်တွေ၊ ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည်နဲ့ ပြည်နယ်/တိုင်းဒေသကြီး ၁၅ ခုက ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) ထုတ်ကုန်တွေ ဆိုပြီးတော့ ပါဝင်မှာ ဖြစ်ပါတယ်။

**မေး။ ။ ဆုတွေကို ဘယ်လိုချီးမြှင့်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ အသေးစား (Micro) ထုတ်ကုန်ဆု၊ အငယ်စား (Small) ထုတ်ကုန်ဆု၊ အလတ်စား (Medium) ထုတ်ကုန်ဆု၊ ကုန်ထုတ်သမဝါယမအသင်းတွေရဲ့ စွမ်းဆောင်ရည်ဆုတွေ ချီးမြှင့်မှာဖြစ်ပါတယ်။ ပထမ၊ ဒုတိယ၊ တတိယဆိုပြီး ချီးမြှင့်မှာ ဖြစ်ပါတယ်။ ပထမဆု ငွေကျပ်သိန်း ၃၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀ ၊ တတိယဆု ငွေကျပ် ၁၀ သိန်း သတ်မှတ်ထားပါတယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်း ထုတ်ကုန်ဆုမှာတော့ စားသောက်ကုန် စံပြထုတ်ကုန်ဆု၊ လူသုံးကုန်စံပြထုတ်ကုန်ဆု၊ ရက်ကန်းစံပြထုတ်ကုန်ဆု၊ လက်မှုထည် စံပြထုတ်ကုန်ဆုဆိုပြီး လေးမျိုး သတ်မှတ်ထားပြီးတော့ တစ်မျိုးကို ငွေကျပ် ၁၅ သိန်း ချီးမြှင့်ပေးမှာဖြစ်ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ် တစ်ခုစီအတွက် ဒေသတစ်ခု ထုတ်ကုန် တစ်ခု (OROP) တစ်ဆုစီ ရွေးချယ်သတ်မှတ်ပေးမှာ ဖြစ်ပြီးတော့ ငွေကျပ်သိန်း ၃၀ စီ ချီးမြှင့်မှာ ဖြစ်ပါတယ်။ စုစုပေါင်းဆု ၃၁ ဆုကို ချီးမြှင့်မှာ ဖြစ်ပါတယ်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး ဆုလက်မှတ်၊ ဆုတံဆိပ် Trophy ပေးအပ်ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ ဆုချီးမြှင့်ငွေတွေကို Digital Payment နဲ့ ချီးမြှင့်နိုင်ဖို့အတွက် Application ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ရေးဆွဲပေးလျက်ရှိပါတယ်။

**မေး။ ။ ဒီလိုဆုတွေ ချီးမြှင့်ပေးနိုင်ဖို့ ဆုရွေးချယ်ရေးအဖွဲ့တွေ ဘယ်လိုဖွဲ့စည်းဆောင်ရွက်နေတယ်ဆိုတာသိပါရစေ။**

ဖြေ။ ။ ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနဲ့ ဆုချီးမြှင့်ရေး ဆပ်ကော်မတီကို အဖွဲ့ဝင် ၁၁ ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်ထားပါတယ်။ ဒီအဖွဲ့မှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးတော့ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ စက်မှုဝန်ကြီးဌာနတို့က အဖွဲ့ဝင်တွေအဖြစ် ပါဝင်ဆောင်ရွက်ပါမယ်။ ဒါ့အပြင် ဒိုင်ချုပ် တစ်ဖွဲ့နဲ့ ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးအတွက် အကဲဖြတ်ဒိုင် ခြောက်ဖွဲ့ ဖွဲ့စည်းထားပါတယ်။ အစိုးရဌာနဆိုင်ရာတွေက ဘာသာရပ်ကျွမ်းကျင်သူတွေ ပါဝင်သလို ပုဂ္ဂလိကကဏ္ဍက MSME စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေ ပါဝင်တဲ့ ဒိုင်အဖွဲ့ ခြောက်ဖွဲ့နဲ့ ဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။




ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး ဆပ်ကော်မတီပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**မေး။ ။ ဆုရွေးချယ်မှုနဲ့ ပတ်သက်ပြီးတော့လည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ဆုရွေးချယ်မှုအနေနဲ့ ကုန်ထုတ်လုပ်မှု Supply Chain တစ်လျှောက် ပြည်တွင်းက ကုန်ကြမ်းတွေအသုံးပြုခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ခြင်း၊ ဆန်းသစ်တီထွင်နိုင်ခြင်းနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်အမယ်တွေ ထုတ်လုပ်နိုင်ခြင်း၊ ထုတ်ကုန်ရဲ့ အရည်အသွေးမှန်ကန်ခြင်း၊ သန့်ရှင်းသပ်ရပ်ခြင်း၊ အမှတ်တံဆိပ်နဲ့ ထုပ်ပိုးမှု ကောင်းမွန်ခြင်း၊ ဈေးကွက်လိုအပ်ချက်ကိုက်ညီတဲ့ ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်တွေ ထုတ်လုပ်နိုင်ခြင်းနဲ့ နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ခြင်း စတဲ့စံသတ်မှတ်ချက်တွေနဲ့ ရွေးချယ်ဆောင်ရွက်မှာဖြစ်ပါတယ်။

**မေး။ ။ ဒီလိုပြိုင်ပွဲတွေ ကျင်းပခြင်းအားဖြင့် MSME ဖွံ့ဖြိုးတိုးတက်ရေးကို ဘယ်လိုအထောက်အကူပြုနိုင်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ဒီလိုပြိုင်ပွဲတွေ ကျင်းပခြင်းအားဖြင့် ဒေသတွင်း MSME လုပ်ငန်းတွေရဲ့ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုတွေကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေဖို့၊ တန်ဖိုးမြှင့်ထုတ်ကုန် အမယ်အသစ်တွေကို ပြည်တွင်းမှာ ပိုမိုသုံးစွဲနိုင်ဖို့၊ ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်စေဖို့၊ ဒေသအလိုက်ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ဖို့၊ MSMEတွေနဲ့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူတွေ ပိုမိုချိတ်ဆက် ပူးပေါင်းဆောင်ရွက်လာစေဖို့၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုတွေ ပေးအပ်နိုင်စေဖို့နဲ့ MSME လုပ်ငန်းတွေ ရေရှည်ရပ်တည်နိုင်စေဖို့ များစွာ အထောက်အကူပြုစေမှာဖြစ်ပါတယ်။

**မေး။ ။ ပြည်သူတွေ သိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။ နိုင်ငံတကာမှာ MSME လုပ်ငန်းတွေက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍကပါဝင်နေပါတယ်။ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာရင် နိုင်ငံ့ စီးပွားရေးလည်း အရှိန်အဟုန်နဲ့ တိုးတက်လာမှာဖြစ်ပါတယ်။

ဒါကြောင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကနေ ဒေသအသီးသီးက လုပ်ငန်းရှင် အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ဈေးကွက် ပိုမိုချိတ်ဆက်နိုင်မှုတွေ ရရှိလာမှာဖြစ်ပြီး MSME လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမှာ ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးရဲ့ ရိုးရာဓလေ့ယဉ်ကျေးမှုတွေ၊ ဒေသဆိုင်ရာဗဟုသုတတွေ၊ အဆင့်မြင့်ထုတ်လုပ်လာတဲ့ ပြည်တွင်းတန်ဖိုးမြှင့် ထုတ်ကုန်တွေကို လာရောက်လေ့လာအားပေးကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဝင်းဝင်းမင်း၊ ဓာတ်ပုံ- ပြည့်စုံ**

## ကျောင်းကုန်းမြို့မဈေးကြီး၌ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

**ကျောင်းကုန်း ဇန်နဝါရီ ၂၈**

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ် ဦးစီးဌာနနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့မဈေးကြီး၌ ယနေ့ မွန်းလွဲပိုင်းက မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

ဦးစွာ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းနှင့် ရေကို အသုံးပြု၍ မီးငြိမ်းသတ်ခြင်းတို့ကို မြို့နယ်သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့ဖြင့် မီးငြိမ်းသတ်ရေး သရုပ်လေ့ကျင့်သည်။



အဆိုပါ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦး၊ အတွင်းရေးမှူး ရဲမှူး အောင်နိုင်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး နေဝင်းနောင်၊ အဖွဲ့ဝင်(၂)ဦးတင်မောင်၊ အဖွဲ့ဝင်(၃) ဦးမြတ်ဇော်မင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် ဝန်ထမ်းများ၊ မြို့မဈေးကြီးကြပ်ရေးအဖွဲ့များ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ငပုတောမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင်
## KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းဆောင်ရွက်

**ငပုတော ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ယနေ့နံနက်ပိုင်းက KG ကျောင်းသားကျောင်းသူများအား ကျောင်းတွင်းအာဟာရ(ပထမအကြိမ်)ကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ KG ကျောင်းသားကျောင်းသူများအား ကျောင်းတွင်းအာဟာရ (ပထမအကြိမ်) ကျွေးမွေးခြင်းများ ဆောင်ရွက်လျက်ရှိသည့် ကျောင်းများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်မြင့်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာထွန်းနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ငွေတောင်ပြည်သို့ သမင်လည်ပြန်

**မြင့်စိုး(နတလ)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသနေသည့် သားသမီး ၁၄ ဦး ထွန်းကားခဲ့သော ဒေါ်ညိုအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

**ထူးထူးခြားခြား**
**ကယားရိုးရာ အားကစားပွဲများ**

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျရောက်သော (၇၃) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကို လွိုင်ကော်မြို့ ပြည်နယ်ခန်းမတွင် အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ယှဉ်ပြိုင်နေကြသည့် အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများထဲ ကယားရိုးရာ စပါးထောင်းပြိုင်ပွဲကို ကျွန်တော် စိတ်အဝင်စားဆုံးဖြစ်သည်။ ယှဉ်ပြိုင်မည့်အဖွဲ့က ကိုးဖွဲ့၊ အမှတ်ပေးဒိုင်ကလည်း ကိုးဦး၊ စပါးထောင်းမည့်ဆုံ ကိုးဆုံကိုလည်း ကျရာမဲနှိုက်ယူရမည်၊ တစ်ဆုံလျှင် ပြိုင်ပွဲဝင်မည့်သူ နှစ်ဦးနှင့် ကြီးကြပ်သူ တစ်ဦး ပါဝင်သည်။

သတ်မှတ်ချက်အတိုင်း ထုတ်ပေးထားသော စပါးကို ဆုံအတွင်းထည့်၍ ပြိုင်ပွဲဝင် နှစ်ဦးက ၅ မိနစ်အတွင်း ထောင်းကာ ဆန်အဖြစ် ပြာတီးသန့်စင်ပြီးနောက် ဒိုင်အဖွဲ့ထံ အချိန်မီတင်ပြရမည်ဖြစ်သည်။ သတ်မှတ်ချိန် ၅ မိနစ်အတွင်း ပြီး/ မပြီး၊ စပါးလုံးပါဝင်မှု အနည်း/ အများ၊ ဆန်အရည်အသွေး ကောင်း/ မကောင်းတို့အပေါ် မူတည်၍ အမှတ်ပေးသွားမည်ဖြစ်သည်။ ကြီးကြပ်သူကလည်း လိုအပ်တာတွေ ပြောပေး၊ ပြိုင်ပွဲဝင် နှစ်ဦးကလည်း သတ်မှတ်ချိန်အတွင်း ဆန်ထောင်းခြင်း၊ ပြာခြင်း၊ စပါးလုံးကောက်ခြင်းတို့ကို ဇယ်ဆက်သလို တောက်လျှောက် မရပ်မနားလုပ်ဆောင်ကြရသည်။

ဒိုင်အဖွဲ့က စစ်ဆေးချိန်တွင် စပါးလုံးအရေအတွက် ၁၀ လုံးအထိ ပါဝင်နေပါက ပယ်စာရင်းဝင်သွားပြီး ဆုရဖို့ မျှော်လင့်ချက်မရှိတော့ကြောင်း သိရသည်။ တက်ညီလက်ညီ ဆောင်ရွက်ရခြင်း၊ အားမာန်ထည့်ရခြင်း၊ လျင်မြန်သွက်လက်ရခြင်း၊ ကျွမ်းကျင်မှုရှိခြင်းတို့ ပေါင်းစပ်၍ ယှဉ်ပြိုင်ရသော ကယားရိုးရာစပါးထောင်းပြိုင်ပွဲကို ကြည့်ရသည်မှာ အနုပညာမြောက်သလို ၅ မိနစ်အတွင်း မိသားစုတစ်စုစာအတွက် ချက်စားနိုင်မည့် ဆန်ဖြစ်လာအောင် ထောင်းနိုင်စွမ်းကိုလည်း အံ့ဘနန်း တွေ့မြင်ခဲ့ရသည်။

ထူးခြားသည့် အခြားပြိုင်ပွဲတစ်ရပ်မှာ ကယားရိုးရာ ချောတိုင်တက်ပွဲဖြစ်သည်။ ကျွန်တော်တို့ဆီမှာလို ဝါးဘိုးဝါးကို ဆီထည့်၍ ချောတိုင်လုပ်ထားခြင်းမဟုတ်ပေ။ တိုင် နှစ်တိုင်ပေါ်တွင် တန်းပစ်၍ ၎င်းတန်း၌ အရှည် ၁၅ ပေခန့် ငှက်ပျောတုံးအား တွဲလောင်းဆွဲထားပြီး လှုပ်လိုက်လျှင် ဆီတွေထွက်လာအောင် စီမံထားခြင်းဖြစ်၏။ အဖွဲ့လိုက်မပြိုင်ရဘဲ တစ်ဦးချင်းတက်ရသည်။ အချို့တက်သော်လည်း ထိပ်သို့မရောက်ဘဲ ပြန်ကျသည်။ အချို့ကလေးတွေကတော့ အဖျားထိတက်ပြီး ချိတ်ဆွဲထားသောဆုငွေကို အရယူပြကြသည်။ ယခု အားကစားနည်းများအပြင် ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ မူကြိုကလေးများ ကာယစွမ်းရည်ပြိုင်ပွဲ၊ ကယား/ ကယမ်း ရိုးရာနပန်းပြိုင်ပွဲများကိုလည်း ကျင်းပပေးပြီး ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**လွိုင်ကော်ဘူတာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ**

လွိုင်ကော်မြို့သို့ ရောက်ရှိသည့် ဇန်နဝါရီလ ၁၄ ရက်နေ့ နံနက်ပိုင်းမှာပင် (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် လောခမ္မာရပ်ကွက်နှင့် ဒေါတမရပ်ကွက်ရှိ ဘူတာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက လမ်းသစ်ဖွင့်ပွဲမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပန်းဖွားအကအဖွဲ့၊ Zumba အကအဖွဲ့၊ Fitness Dance အက အဖွဲ့များကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကာ လမ်းသစ်ကို ဖြတ်သန်းကြည့်ရှု၍ အကအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ ထိုနေ့လမ်းဖွင့်ပွဲ၌ အကအဖွဲ့များ၏ မြူးကြွသွက်လက်သောအကများကို တွေ့မြင်ခဲ့ရသလို ကျောက်တောင် ဒိုးပတ်ဝိုင်းအဖွဲ့၏ လက်သံကလည်း မြိုင်ဆိုင်လှပေသည်။ ဗုံထောက်သံခေါ်မလား၊ ခွန်းထောက် ခေါ်လေမလား၊ ဖြတ်သွားရင်းကြားနေရသည်။

“ ဒို့ကယားဆို တစ်ခါတစ်ခေါက်
(လာရောက်ဖို့ ဖိတ်ခေါ်ချင်)၂
ပမာပြဖို့ စိတ်ပျော်ရွှင်
မိတ်ဖော်ဆွေ လူအများ
(တမူခြားလို့ နောက်နောင်မျှော်ရည်)၃
ခေါင်ရည်ချို သောက်ကြစို့လား
ဒိုးပတ်သံ စီစီညံသာ
ရွှင်ပျော်ပျော် ကကြခုန်ကြ
ပြည်နယ်ပွဲပေမို့ ပျော်စရာရွှင်စရာ
ဒီလမ်းဖွင့်ပွဲမှာ၊ ဟေ့ ဒီလမ်းဖွင့်ပွဲမှာ
(ပြည်နယ်တစ်ဝှမ်းမို့ အေးချမ်းသာယာ)၃
စုပေါင်းကာ ဝိုင်းကြစို့လေး

ယခုလို ကွန်ကရစ်လမ်းသစ်အဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးခြင်းအတွက် ဘူတာလမ်းတွင် နေထိုင်သူ ဦးလှမိုးက ကျေးဇူးတင်စကားပြောကြားရာ၌ **“ခေတ်မီသန့်ရှင်းသပ်ရပ် သာယာလှပတဲ့လွိုင်ကော်မြို့ကြီးကို ပြန်လည်တည်ဆောက်တဲ့နေရာမှာလည်း ကျွန်တော်တို့အနေနဲ့ တတ်နိုင်တဲ့ အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ချိန်က အာဆီယံနိုင်ငံများအကြား အသန့်ရှင်းဆုံးမြို့ဆုကိုရရှိခဲ့တဲ့ ကျွန်တော်တို့ ကယားပြည်နယ် လွိုင်ကော်မြို့ကြီးကို ဆက်လက်ပြီး ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နိုင်ဖို့အတွက် ကယားပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ် လမ်းညွှန်မှုများကိုနာခံလျက် နိုင်ငံ့သားကောင်းများ ပီသစွာ နေထိုင်သွားကြမှာ ဖြစ်ပါတယ်”** ဟု သူ၏ ရင်တွင်းဆန္ဒကို ထုတ်ဖော်ပြောကြားသွားခဲ့သည်။ လွိုင်ကော်မြို့ကြီး ပြန်လည်တည်ဆောက်ရေးအတွက်သာမက ကယားပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက်လည်း ပြည်နယ်သူပြည်နယ်သားတိုင်းမှာ တာဝန်ရှိပေသည်။



ကယားရိုးရာ စပါးထောင်းပြိုင်ပွဲ ကျင်းပနေစဉ်။

**လွိုင်ကော် ခုတင် ၅၀၀ ဆေးရုံကြီး**
**ပြန်လည်ဖွင့်လှစ်ကုသ**

ဆေးရုံပရဝဏ်အတွင်းသို့ ဝေ့ဝိုက်ကြည့်လိုက်ကတည်းက စိတ်ဝင်စားစရာတွေကို စတွေ့ရပါပြီ။ မြင့်မားသည့် ရေစင်ကြီး၏ထိပ်ပိုင်းမှာ ကျည်ထိမှန် ဒဏ်ရာတစ်ချက် ရထားသည်။ မင်္ဂလာရပ်ကွက်၊ ရွှေတောင်ရပ်ကွက်၊ ဒွေ့ဥခူရပ်ကွက်များမှာ ဒဏ်ရာဒဏ်ချက်တွေ ထောင်းလမောင်းထခဲ့သလို ဆေးရုံကြီးဝင်းထဲမှာလည်း အုပ်ချုပ်မှုဆောင်၊ ဖျားနာဆောင်၊ ကလေးကုသဆောင်၊ အထူးကုပြင်ပလူနာဆောင်၊ လေးခန်းတွဲနှစ်ထပ် အရာထမ်းဝန်ထမ်းအိမ်ရာ၊ သမားတော်နေအိမ်များ ထိမှန်ပျက်စီးပြီး ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းများလည်း ဖျက်ဆီးခံခဲ့ရသည်။ ယခင် နတလဝန်ထမ်းဘဝက လွိုင်ကော်အပါအဝင် ကယားပြည်နယ် ခရိုင်၊ မြို့နယ်အားလုံးသို့ ရောက်ခဲ့သည်။

ပန်ပက်ဒေသ ကယန်းရွာများမှာ ကျေးရွာရေရရှိရေးလုပ်ငန်းများ၊ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ခရီးသွားလုပ်ငန်း မြင့်မားတိုးတက်လာစေဖို့ စေတနာရည်သန်ခဲ့ကြသည်။ ယင်းသို့ရောက်လင့်ကစား လွိုင်ကော်ဆေးရုံနှင့်မူ ရေစက်မဆုံခဲ့ပါ။ ယခု ရောက်ခွင့်ကြုံ၍ ဆေးရုံတည်ဆောက်မှု ကမ္ပည်းမော်ကွန်းကို လေ့လာကြည့်သောအခါ တော်လှန်ရေးကောင်စီဝင်၊ စက်မှုလက်မှုဌာနတာဝန်ခံ၊ တိုင်းမှူး ဗိုလ်မှူးကြီး မောင်ရွှေကိုယ်တိုင်ဖွင့်လှစ်သည်၊ ၂၉-၉-၁၉၆၄ ဟု တွေ့ရ၏။ နှစ်ပေါင်း ၆၀ ကျော်လာပြီဖြစ်၍ အတော်လေး ရှေးကျသလို လူနာခန်းများ၏ ဘေးပတ်ပတ်လည် နံရံမှာ ရှစ်လက်မနီးပါး ဗျပ်ရှိသည့် ပျဉ်ပြားကြီးများ (ကျွန်းသစ်ဖြစ်နိုင်ပါသည်) ကပ်ပေးထားသည်။ လူနာများ ၎င်းပျဉ်ချပ်ကို အားပြုဆုပ်ကိုင်ပြီး လမ်းလျှောက်ဖို့ ဖြစ်ပါလိမ့်မည်။

လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီး၏ ဆောင်ပုဒ်၊ ရပ်တည်မှုနှင့် ရည်မှန်းချက်တို့ကိုလည်း သိရှိခွင့်ရခဲ့သည်။ လူနာများနှင့် ဆေးရုံဝန်ထမ်းများ၏ စိတ်ကျေနပ်မှုရရှိစေသည့် မြန်မာနိုင်ငံ၏ ပြယုဂ်ဆေးရုံတစ်ရုံဖြစ်လာစေဖို့ ရည်မှန်းထားသည်။ ကယားပြည်နယ်တစ်ခုလုံးတွင် ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဖြည့်ဆည်းပေးခြင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းအသီးသီးနှင့် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူများ၏ လူနေမှုဘဝတိုးတက်ကောင်းမွန်လာစေရေးအတွက် စိတ်ပါဝင်စားတက်ကြွစွာ ဆောင်ရွက်ခြင်းတို့ဖြင့် ဆေးရုံ၊ ဆရာဝန်၊ ဆရာမ၊ သူနာပြုများ၏ ရပ်တည်မှုကို ဖော်ပြသွားမည်ဖြစ်သည်။ ဆေးရုံကြီး၏ ဆောင်ပုဒ်မှာ We belong to the State, We serve the State, We grow with the State ဟူ၍ ဖြစ်ပါသည်။

ကယားပြည်နယ်အတွင်း ယခင်က ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုအခြေအနေမှာ လွိုင်ကော်၌ ခုတင် ၅၀၀ ဆံ့ ဆေးရုံ တစ်ရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံ တစ်ရုံ၊ ၁၆ ခုတင်ဆံ့ ဆေးရုံ သုံးရုံ၊ ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာန ၅၂ ခု၊ ဒီးမော့ဆိုဒ်၌ ခုတင် ၅၀ ဆံ့ ဆေးရုံ တစ်ရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံ တစ်ရုံ၊ ၁၆ ခုတင်ဆံ့ ဆေးရုံ လေးရုံ၊ ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာန ၇၂ ခု၊ ဘောလခဲ၌ ခုတင် ၅၀ ဆံ့ ဆေးရုံ တစ်ရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံ တစ်ရုံ၊ ၁၆ ခုတင်ဆံ့ ဆေးရုံ နှစ်ရုံ၊ ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာန ၂၉ ခု၊ မယ်စဲ့၌ ၂၅ ခုတင်ဆံ့ဆေးရုံ တစ်ရုံ၊ ၁၆ ခုတင်ဆံ့ ဆေးရုံ တစ်ရုံ၊ ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာန ၁၁ ခု အသီးသီးဖွင့်လှစ်ကုသပေးခဲ့ခြင်း ဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ခဲ့ရာမှ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များဖြစ်ပွားပြီးနောက် လွိုင်ကော်မြို့နယ်အတွင်း၌ လောခလေးတိုက်နယ်ဆေးရုံ

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

တစ်ရုံကိုသာ ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်သူများအနေဖြင့် အမှတ် (၇) တပ်မတော်ဆေးရုံခုတင် (၁၀၀) သို့ အရေးပေါ်တက်ရောက်ကုသမှုများ ပြုလုပ်ခဲ့ရသည်။ ယခုကျွန်တော်တို့ရောက်ရှိခဲ့သည့် ခုတင် (၅၀၀) ဆေးရုံကြီးကို ၂၀၂၄ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ပြီး တွဲဖက်များအပါအဝင် ဆရာဝန် ၁၆ ဦး၊ သူနာပြု ၆၉ ဦး၊ အခြားဝန်ထမ်း ၅၅ ဦး၊ စုစုပေါင်း ၁၄၀ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ တပ်မတော်ဆေးရုံမှ ဆရာဝန် လေးဦး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန် တစ်ဦး၊ သူနာပြု တစ်ဦးတို့လည်း လာရောက်တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ဇန်နဝါရီလ ၁၄ ရက်နေ့ လမ်းဖွင့်ပွဲအပြီး၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများသည် ကယားပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာတွင် ပြည်နယ်တာဝန်ခံဆရာဝန် ဆေးရုံအုပ်ကြီး ဒေါက်တာစည်သူက ရှင်းလင်းတင်ပြရာ ဆေးရုံ၏ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက ဆေးပဒေသာပင် ရန်ပုံငွေကျပ် ၅၅ သိန်း၊ ကျန်းမာရေးဝန်ထမ်းများအတွက်ငွေကျပ်၁၀သိန်းနှင့်စားသောက်ဖွယ်ရာများ ပေးအပ်ကြရာ ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများက လက်ခံရယူကြသည်။

ယင်းနောက် ဆေးရုံလူနာဆောင်များအား လှည့်လည်ကြည့်ရှုကာ ဆေးရုံတက်လူနာများအတွက် အာဟာရဖြည့်စွက်စာနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြပါသည်။ ဖျားနာဆောင်တွင် တက်ရောက်ကုသနေသူ လူနာအမျိုးသမီးကြီး တစ်ဦး၏ အမည်မှာ ဒေါ်ညိုဟု ခေါ်ကြောင်း၊ လွိုင်ကော်တွင် နေထိုင်သော်လည်း ၎င်း၏ဇာတိက သဲတော၊ ဝမ်းတွင်းအနီးက ဟံဇား ဇာတိဖြစ်ကြောင်း၊ သားသမီး ၁၄ ယောက် ထွန်းကားခဲ့ပြီး တစ်ယောက် ပျက်စီးသွားသဖြင့် ၁၃ ယောက် ကျန်သေးကြောင်း၊ မျက်စိတိမ်ခွဲရန် တက်ရောက်နေရာမှ ကိုယ်တစ်ခြမ်းလေထိသွားသဖြင့် ကုသနေရကြောင်း သိရသဖြင့် အားပေးစကား ပြောကြားခဲ့ပါသည်။

**သီရိမင်္ဂလာ အဆင့်မြင့်နှစ်ထပ်ဈေးသစ်ကြီး**

လွိုင်ကော်မြို့ လောဓမ္မရပ်ကွက်ရှိ မြေဧက ၈ ဒသမ ၈၄ ဧကပေါ်တွင် သီရိမင်္ဂလာဈေးကို ၁၉၉၁ ခုနှစ်၌ တည်ဆောက်ပေးခဲ့သည်။ သွပ်မိုး၊ အုပ်ညှပ်၊ ပျဉ်ကာ၊ ကွန်ကရစ်ခင်းအဆောက်အအုံများ ဖြစ်သည်။ အဆိုပါဈေးအား အကြမ်းဖက်သောင်းကျန်းသူများက ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့ကြရာ ဆိုင်ခန်းပေါင်း

> **“ ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဝန်ထမ်းအိမ်ရာများကို မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ပြုပြင်ပေးထားကြောင်း တွေ့ရှိရ၊ ၎င်းဝန်ထမ်း အိမ်ရာများသည်လည်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ အမြန်ဆုံး ပြန်လည်ပြုပြင်၍ ပြီးသမျှအိမ်ရာများ၌ စနစ်တကျ နေရာချထားပေးခဲ့”**




ဘူတာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပစဉ်။

၉၄၈ ခန်း မီးလောင်ပျက်စီးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လွိုင်ကော်ခရီးစဉ်၌ အဆင့်မြင့်ဈေးသစ် တည်ဆောက်ပေးရန် လမ်းညွှန်ချက်အရ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကွပ်ကဲကြပ်မတ်၍ မီးလောင်ပြင်ကိုရှင်းလင်းခြင်း၊ ဟင်းသီးဟင်းရွက်နှင့် သားငါးရောင်းသည့်နေရာတွင် ယာယီဈေးကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့၌ စတင်တည်ဆောက်ပေးပြီး ရောင်းချစေခြင်း၊ အဆင့်မြင့်ဈေးတွင် ရှေ့မျက်နှာစာ နှစ်ထပ် ဆိုင်ခန်းများ တည်ဆောက်ခြင်း၊ ဈေးအတွင်း၌ ၉ပေ x ၉ပေ ဆိုင်ခန်း ၂၈၈ ခန်းတည်ဆောက်ခြင်း၊ ဈေးရုံခြောက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိပါသည်။ မျက်နှာစာနှစ်ထပ်ဆိုင်ခန်းများမှာ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ မြို့တွင်းရှိ ဗဟိုဈေးနှင့် နှစ်ထပ်ဈေးတို့ကိုလည်း ပြန်လည်ပြင်ဆင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တစ်သီးတခြားစီဖြစ်တည်နေသော လွိုင်ခေါ်မှ လွိုင်ကော်သို့**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သောအဖွဲ့၏ ဇန်နဝါရီလ ၁၄ ရက်နေ့ လှည့်လည်ကြည့်ရှုသည့် အစီအစဉ်တွင် ရွှေတောင်ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့်လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ငွေကျပ်သန်းပေါင်း ၂၃၉ ဒသမ ၀၆၀ သန်း၊ လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ငွေကျပ်သိန်း ၁၅၀ လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြသည်။

ယင်းသို့ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ကြီးတစ်ပါးက လွိုင်ကော်နှင့်ပတ်သက်၍ မိန့်ကြားသည်မှာ **“လွိုင်ကော်လို့ အမည်ခေါ်တွင်ကြတာနဲ့ပတ်သက်ပြီး ပြောရရင် အခုဘုန်းကြီးတို့ကျောင်းဘေးမှာရှိတဲ့ ဘုရားကုန်းလေးကို အစွဲပြုပြီး ခေါ်ကြတာဖြစ်တယ်။ သည်ဘုရားကုန်းလေးကို လွိုင်ခေါ် (တစ်သီးတခြား ဖြစ်တည်နေသော တောင်)လို့ စတင်ခေါ်ဝေါ်ခဲ့ကြရာက မြို့ကိုလည်း လွိုင်ခေါ်လို့ ခေါ်ကြပြီး၊ အဲဒီကမှ လွိုင်ကော်ရယ်လို့ ဖြစ်လာတာပါပဲ”** ဟု ဗဟုသုတဖြစ်ဖွယ် မိန့်ကြားသွားခဲ့သည်။

**ယာယီနေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံအားပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးညဏ်ထွန်းနှင့် ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် စောဒန်နီရယ်တို့သည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်မှူး ဗိုလ်မှူးကြီး အောင်ကျော်ခိုင်တို့နှင့်အတူ ဇန်နဝါရီလ ၁၅ ရက်နေ့ မွန်းလွဲပိုင်းက လွိုင်ကော်မြို့လယ်ဓမ္မာရုံသို့ သွားရောက်ပြီး ယာယီနေရပ်စွန့်ဒေသခံပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြသည်။

အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် လည်းကောင်း၊ ရေကြီးမှုသဘာဝဘေးကြောင့် လည်းကောင်း နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ခြင်းဖြစ်ပေရာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့က နေအိမ်များပြုပြင်ရန် ငွေကျပ် ၂၁၁ သန်းနှင့် ဆန်၊ ဆီ၊ ဆား၊ ပဲများ ပေးအပ်ခဲ့ပါသည်။

**ဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှု**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်ရှိ စုပေါင်းဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးထားသည့် အခြေအနေ၊ ဝန်ထမ်းများ ပြန်လည်နေရာချထားပေးမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုကာ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများ ပေးအပ်ပါသည်။ ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဝန်ထမ်းအိမ်ရာများကို မူလအခြေအနေထက်သာလွန်ကောင်းမွန်အောင် ပြုပြင်ပေးထားကြောင်း တွေ့ရသည်။ ၎င်းဝန်ထမ်းအိမ်ရာများသည်လည်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ အမြန်ဆုံး ပြန်လည်ပြုပြင်၍ ပြီးသမျှအိမ်ရာများ၌ စနစ်တကျ နေရာချထားပေးခဲ့သည်။ ဆက်လက်၍လည်း ပြုပြင်ပေးသွားမည်ဖြစ်သည်။ ဝန်ထမ်းအိမ်ရာ မိသားစုများနှင့်အတူ စာရေးဆရာမကြီး မဟူရာ (လွိုင်ကော်) ကို မမျှော်လင့်ဘဲ တွေ့ခွင့်ရခဲ့သောကြောင့် ဝမ်းပန်းတသာ နှုတ်ဆက်ခဲ့ပါသည်။

**ကယားပြည်နယ်၏ စိုက်ပျိုးရေးလုပ်ငန်းများ**

ကယားပြည်နယ်အတွင်း မြေအသုံးချမှုအနေဖြင့် စိုက်ပျိုးမြေ ၁၆၆၁၅၅ ဧက ရှိပါသည်။ စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ အဓိကစိုက်ပျိုးလျက်ရှိရာ ဒေသ ဝမ်းစာအတွက် ဆန်စပါးဖူလုံမှုရှိသည်။ ဆီထွက် သီးနှံအနေဖြင့် ၆၀ ရာခိုင်နှုန်းကျော် ဖူလုံကြောင်း သိရသဖြင့် ယခုထက် ပိုမိုစိုက်ပျိုးနိုင်ရန်အတွက် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ရှိလာသည်နှင့် အမျှ သမဝါယမအသင်းစု၊ အခြေခံအသင်းများက ပူးပေါင်းစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကယားပြည်နယ်ဝန်ကြီးချုပ်က ဇန်နဝါရီလ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် ရာသီသီးနှံ စံပြစိုက်ခင်းဆောင်ရွက်နေမှုကို လိုက်လံပြသခဲ့သည်။ လေးလက်မ စက်ရေတွင်းမှ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေ ရယူ၍ ရာသီသီးနှံ မုန်ညင်း၊ ကြက်သွန်ဖြူ၊ မာလကာ၊ ကြက်သွန်နီ၊ ငရုတ်၊ ခရမ်းအပါအဝင် သီးနှံ ၂၄ မျိုး စိုက်ပျိုးပြသထားသည်။

**ကယားပြည်နယ်နှင့် စွမ်းအင်ကဏ္ဍ**

လွိုင်ကော်မြို့သို့ ရောက်တုန်းရောက်ခိုက် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့မှစတင်ကာ ၄ မိုင် ပင်မဓာတ်အားခွဲရုံ ပျက်စီးမှုအခြေအနေ၊ အောင်သီဟရပ်ကွက် ဓာတ်အားခွဲရုံပျက်စီးမှုအခြေအနေ၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အရေးကြီးနေရာများသို့ ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ၂၀၂၄ ခုနှစ် မေလ ၃ ရက်နေ့မှစတင်ကာ လွိုင်ကော်မြို့တွင်း၌ ပုံမှန်မီးရရှိမှုအခြေအနေတို့ကို လေ့လာသိရှိခဲ့ရသည်။ ၂၀၂၄ ခုနှစ် ဧပြီလနှင့် ဇူလိုင်လများအတွင်း ဘီလူးချောင်းအမှတ် ၂ စက်ရုံမှ ကေ ၅၀၀ ဓာတ်အားခွဲရုံသို့ သွယ်တန်းထားသော ၃၃ ကေဗွီဓာတ်အားလိုင်း၏ ကွန်ကရစ်တိုင်များ ဖောက်ခွဲဖျက်ဆီးခံရကြောင်းကိုလည်း သိရှိခဲ့ရသည်။ ယနေ့အချိန်တွင် လွိုင်ကော်မြို့ပေါ် ၂၃ ရပ်ကွက်အနက် ၁၅ ရပ်ကွက်ကို လည်းကောင်း၊ လောပိတအနီးက ကျေးရွာ ၁၂ ရွာသို့ လည်းကောင်း ဓာတ်အားဖြန့်ဖြူးပေးထားကြောင်း သိရပါသည်။

**ကယားပြည်နယ်နှင့် ပညာရေးကဏ္ဍ**

အခြေခံပညာကျောင်း ၄၆၀ ကို ဖွင့်လှစ်သင်ကြားပေးနေပါသည်။ အဆင့်မြင့်ပညာကဏ္ဍတွင် လွိုင်ကော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများကိုလည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

**ကယားပြည်နယ်အတွက် စာရေးသူ၏ဆန္ဒမွန်**

ပုံမှန်အားဖြင့်ဆိုလျှင် ကယားပြည်နယ်သည် အေးချမ်းသာယာလှပသော ပြည်နယ်တစ်ခုဖြစ်သည်။ ခရီးသွားလုပ်ငန်းအတွက် အခြေခံကောင်းများနှင့်လည်း ပြည့်စုံပေသည်။ ထူးခြားသော တောတောင်ရေမြေသဘာဝ၊ တိုင်းရင်းသားများ၏ နွေးထွေးပျူငှာဖော်ရွေမှုများ၊ ယဉ်ကျေးမှုဓလေ့စရိုက်များက များစွာအထောက်အပံ့ ဖြစ်စေခဲ့သည်။ သဘာဝအလှတရားများ ပြည့်စုံကြွယ်ဝသော်ငြားလည်း ခရီးသွားဝင်ရောက်မှု နည်းပါးနေခြင်းကြောင့် Virgin Land ဟုပင် တင်စားခေါ်ဝေါ်နေကြကြောင်း သိရသည်။ အဓိကအကြောင်းရင်းမှာ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု အပြည့်အဝရှိရေး အာမခံချက်ပင်ဖြစ်သည်။ ယင်းသို့ဖြစ်လာစေရန်မှာ ဒေသခံတိုင်းရင်းသားများတွင် အဓိက တာဝန်ရှိနေပါသည်။

ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ရပါမည်။ ပြည်နယ်အစိုးရအနေဖြင့် အထင်ကရ ခရီးစဉ် ၅၇ နေရာ၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းပေါင်း ၆၆ ခုအထိ ဖော်ဆောင်နိုင်ခဲ့ကြောင်း တွေ့ရသည်။ ကန္တာရဝတီ ငွေတောင်ပြည် (သို့မဟုတ်) ကယားပြည်နယ်ကို ကျွန်တော်သံယောဇဉ်ကြီးခဲ့ပါသည်။ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများစွာ လုပ်ပေးခဲ့ဖူးပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များနှင့်လည်း ထိတွေ့ဆက်ဆံခဲ့ဖူးပါသည်။ ရှေးယခင်ကကဲ့သို့ တည်ငြိမ်အေးချမ်းပြီး သာယာလှပသော ကယားပြည်နယ်အဖြစ် ထာဝစဉ်တွေ့မြင်လိုပါသည်။ မလွဲမသွေဖြစ်လာရမည်ဟုလည်း အလေးအနက်ယုံကြည်မိပါသည်။ ။

# ခေတ်သစ်မြန်မာစာပေဘာဏ်တိုက်ကြီး ဆရာကြီး မောင်ခင်မင်(ဓနုဖြူ) ကွယ်လွင့်ခဲ့ပြီ



**နေပြည်တော် ဇန်နဝါရီ ၂၈**

မြန်မာစာပေကို အသက်ထက်ဆုံး မြတ်နိုးတန်ဖိုးထားခဲ့ပြီး မြန်မာစာပေ အကျိုးအတွက် မဆုတ်မနစ် အားထုတ်ခဲ့သည့် အမျိုးသားစာပေ တစ်သက်တာဆုရှင်၊ မြန်မာစာကဝိတစ်ဆူဖြစ်သည့် ဆရာကြီး အလင်္ကာကျော်စွာ ဒေါက်တာခင်အေး [မောင်ခင်မင် (ဓနုဖြူ)] သည် ဇန်နဝါရီ ၂၈ ရက်နေ့ နံနက် ၀၀:၃၀ တွင်ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

ဆရာကြီး ကွယ်လွန်ခဲ့ရခြင်းသည် နိုင်ငံနှင့် လူမျိုး၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ကြီးစွာသော ဆုံးရှုံးမှုကြီးတစ်ရပ်လည်း ဖြစ်သည်။

“လူတော်လူကောင်း တစ်ယောက် ဆုံးရှုံးရတဲ့အတွက် များစွာစိတ်ထိခိုက်ရပါတယ်။ ဆရာအေးဟာ မြန်မာစာနဲ့ ပတ်သက်ပြီး ဘက်စုံ၊ ကဏ္ဍစုံ နှံ့စပ်ကျွမ်းကျင်တဲ့သူ ဖြစ်ပါတယ်။ မြန်မာစာအဖွဲ့အတွက်ရော၊ တက္ကသိုလ်များ မြန်မာစာဌာနအတွက်ရော၊ မြန်မာစာလောကကြီး တစ်ခုလုံးအတွက်ရော အလွန်နစ်နာဆုံးရှုံးရတယ်လို့ ခံစားရပါတယ်” ဟု ဆရာကြီး ဒေါက်တာထွန်းတင့် (မြန်မာစာ) ကလည်း ဆရာကြီးမောင်ခင်မင်(ဓနုဖြူ) ကွယ်လွန်ခြင်းအတွက် များစွာစိတ်ထိခိုက်ရကြောင်းနှင့် မြန်မာစာလောကကြီး တစ်ခုလုံးအတွက် လွန်စွာ နစ်နာဆုံးရှုံးမှုဖြစ်ရကြောင်း ပြောကြားသည်။

ဆရာကြီး၏ အမည်အရင်းမှာ ဦးခင်အေးဖြစ်ပြီး ၁၉၄၂ ခုနှစ် ဇန်နဝါရီလတွင် ဓနုဖြူမြို့နယ် ကျုံတနီးကျေးရွာ၌ ဖခင် ဦးရာမနှင့် မိခင် ဒေါ်စောတင်တို့က ဖွားမြင်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မြန်မာစာ၊ သင်္ချာဘာသာများဖြင့် ဂုဏ်ထူးဖြင့် အောင်မြင်ကာ တစ်နိုင်ငံလုံး၌ မြန်မာစာ အမှတ်အများဆုံးရရှိခဲ့သည်။

မြန်မာစာကဝိအဖြစ် ထင်ရှားမည့် တောက်မည့် မီးခဲတရဲရဲ မောင်ခင်အေးသည် ငွေတာရီရွှေတံဆိပ်ဆုနှင့် လှသမိန်ရွှေတံဆိပ်ဆုတို့ ဆွတ်ခူးခဲ့ပြီး တက္ကသိုလ်ပညာသင်ဆုကိုလည်း ချီးမြှင့်ခြင်းခံရသည်။ ၁၉၆၃ ခုနှစ်တွင် ဆရာကြီးသည် ဝိဇ္ဇာအထွေထွေဂုဏ်ထူးဘွဲ့ကို ပထမတန်းကအောင်မြင်ပြီး ၁၉၆၉ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ဂုဏ်ထူးဖြင့် ရယူနိုင်ခဲ့သည်။ ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော ရန်ကုန်တက္ကသိုလ်(၁၀၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည်။

**စာပေနှင့် ပတ်သက်၍ တာဝန်ထမ်းဆောင်ခဲ့မှုများ**

ထမ်းဆောင်ခဲ့သော တာဝန်များအနေဖြင့် ၁၉၆၃ ခုနှစ်တွင် ပုသိမ်တက္ကသိုလ် မြန်မာစာဌာန၌ နည်းပြအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ထိုမှသည် လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခအဆင့်များဖြင့် ပုသိမ်ကောလိပ်၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ပြည်ဒီဂရီကောလိပ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် တာဝန်ထမ်းဆောင်ပြီးနောက် နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ ဂျပန်နိုင်ငံ အိုဆာကာ နိုင်ငံခြားဘာသာသင် တက္ကသိုလ်တွင် မြန်မာစာဧည့်ပါမောက္ခအဖြစ် ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုမှပြန်ရောက်လာခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခအဖြစ်မှ အငြိမ်းစားယူခဲ့သည်။

မြန်မာစာပေကို ချစ်မြတ်နိုးတန်ဖိုးထားသူတိုင်း ဆရာကြီး၏ ဂုဏ်သတင်းနှင့် ဆရာကြီး၏ ကျေးဇူးကို အထူးသတိပြုမိကြသည်။ မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာစာ၊ မြန်မာစကား စံနှုန်းများနှင့် စကားပြေဆိုင်ရာ အသိပညာများစွာကို ဆရာကြီးထံမှ မျိုးဆက်သစ်များက လက်ဆင့်ကမ်းခွင့်ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ အငြိမ်းစားယူပြီးသည့် နောက်တွင်လည်း ဆရာကြီးထမ်းဆောင်သည့် တာဝန်များက ပြီးဆုံးမသွားခဲ့ဘဲ ပုံနှိပ်မီဒီယာများနှင့် ရုပ်သံမီဒီယာများတွင် ဆရာကြီး၏ မြန်မာစာလုံးပေါင်းသတ်ပုံဆိုင်ရာ၊ စကားပြေရေးသားနည်းဆိုင်ရာ အသိပညာပေး ဆောင်းပါးများစွာမှာ မြန်မာနိုင်ငံသား အားလုံးအတွက် စံပြုစရာ၊ အလေးထား မှတ်သားစရာများပင် ဖြစ်သည်။

**စာပေအတွက် ကြိုးပမ်းအားထုတ်မှု**

မြန်မာစာပေနှင့် ပတ်သက်သည့် သုတေသန စာတမ်းဖတ်ပွဲများတွင် ဆရာကြီးက ကမကထပြုပေးသည်။ ဘာသာစကားဆိုင်ရာ၊ မြန်မာစကားပြေဆိုင်ရာ စာတမ်းများပြုစုရာတွင် ဆရာကြီးက မနေမနား အားပေးကူညီရှာသည်။ မြန်မာစာပေအတွက် ကျေးဇူးကြီးမားလှသည့် ဆရာကြီးသည် နောင်လာနောက်သား မြန်မာ့စာပေခရီးသွားတို့အတွက် မြန်မာစာပေအမွေ၊ မြန်မာဘာသာအမွေအနှစ်အဖြစ် စာအုပ်ပေါင်း ၁၃၃ အုပ်ကို ထုတ်ဝေခဲ့သည်။

**စာပေဆုများစွာ ချီးမြှင့်ခြင်းခံရ**

မကွယ်လွန်မီ နှစ်အနည်းငယ်အထိ မြန်မာစာပါရဂူ သင်တန်းများတွင် သင်ကြားပို့ချခြင်း၊ ပါရဂူကျမ်းများ ကြီးကြပ်စစ်ဆေးခြင်း၊ နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်(ရန်ကုန်) တို့တွင် သင်ကြားပို့ချခြင်းများ ပြုလုပ်ခဲ့သည့်အပြင် မြန်မာစာနှင့် ဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့တို့တွင် အချိန်ပြည့် အဖွဲ့ဝင်အဖြစ် တာဝန်များထမ်းဆောင်ခဲ့သည်။ စာပေဆုများစွာကို ချီးမြှင့်အပ်နှင်းခြင်းခံခဲ့ရပြီး စာပေဗိမာန်ဆု၊ အမျိုးသားစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု စသည့် စာပေဆုများစွာကို အကြိမ်ကြိမ်ရရှိခဲ့ပြီး မိမိတစ်သက်တာလုံးကို စာပေရေးသားပြုစုခြင်းနှင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှုပ်နှံခဲ့သူဖြစ်သည့်အတွက် နိုင်ငံတော်ကပေးအပ်သည့် အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၁၃ ခုနှစ်တွင်လည်းကောင်း၊ ဆရာဝန်တင်ရွှေ စာပေတစ်သက်တာဆုကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ သုတစွယ်စုံ တစ်သက်တာစာပေဆုကို ၂၀၁၇ ခုနှစ်ကလည်းကောင်း ရရှိခဲ့သည်။

ဆရာကြီး ဒေါက်တာခင်အေး (မောင်ခင်မင်- ဓနုဖြူ) သည် ပညာနှင့်အသက်မွေးဝမ်းကျောင်းခြင်း၊ လက်လှမ်းမီသရွေ့ ပညာဖြင့် နိုင်ငံနှင့် လူမျိုးကို အကျိုးပြုနိုင်ခဲ့ခြင်းသည် သူ့ဘဝ၏ အရသာအဖြစ် ခံယူထားသူဖြစ်သည်။ ကွယ်လွန်ချိန်တွင် အသက် ၈၅ နှစ်ရှိပြီး ဇနီးဖြစ်သူ မြန်မာစာတွဲဖက်ပါမောက္ခ (ငြိမ်း) ဒေါ်စုစုနွယ်နှင့် သမီးဖြစ်သူ မသူသူနွယ်အေးတို့ ကျန်ရစ်ခဲ့သည်။

ဆရာကြီး၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ဇန်နဝါရီ ၃၀ ရက် ကြာသပတေးနေ့ မွန်းလွဲ ၃ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပြီး အရိုးပြာကို ဂူသွင်းမြှုပ်နှံမည်ဖြစ်ကြောင်း မိသားစုဝင်များထံက သိရှိရသည်။

ဆရာကြီး ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) ကွယ်လွန်ခဲ့ရခြင်းအတွက် မြန်မာစာပေ ချစ်မြတ်နိုး တန်ဖိုးထားရသူအပေါင်းတို့နှင့် ထပ်တူစိတ်နှလုံးကြေကွဲရပြီး ဆရာကြီး မောင်ခင်မင် (ဓနုဖြူ) မြင့်မြတ်သောဘုံဘဝ၌ ရောက်ရှိပါစေကြောင်း မြန်မာ့အလင်းသတင်းစာမှ ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း။ ။

မြန်မာ့အလင်း



## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်း သင်တန်း၊ အစားအစာ ချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းများကို သင်တန်းတစ်ခုကို ရက်သတ္တခြောက်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းရှစ်ခုကို နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့် ပုသိမ်မြို့ရှိ ကျောင်းများတွင် စနေ၊ တနင်္ဂနွေနေ့ အထူးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းများကို ဇန်နဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ ဖွင့်လှစ်လျက်ရှိရာ အဆိုပါကျောင်း ၁၀ ကျောင်းတွင် သင်တန်းသား ၁၅ ဦး၊ သင်တန်းသူ ၃၀၉ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၃၂၄ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## သဲကုန်းမြို့၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**သဲကုန်း ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး၊ လေထုညစ်ညမ်းမှု လျှော့ချရေးနှင့် သစ်တောသစ်ပင်များမှ ရရှိနိုင်သော အကျိုးကျေးဇူးများ အကြောင်း အသိပညာပေးဟောပြောပွဲကို မြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ယနေ့မွန်းလွဲ ၁ နာရီက အခြေခံပညာ အထက်တန်းကျောင်း (သဲကုန်း) သာခုခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဖြေကြား**

အဆိုပါ ဟောပြောပွဲတွင် သဲကုန်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးသိန်းလွင်က ရေနေသယံဇာတများ လျော့နည်းလာရသည့် အကြောင်းအရင်းများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်း ရည်ရွယ်ချက်များ အကြောင်း၊ မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းစေသည့် အကြောင်းအရာများ၊ မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပွားစေနိုင်သော ဆိုးကျိုးများ၊ မီးခိုးမြူငွေ့ ဖြစ်ပေါ်လာရသည့် အချက်များ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ Fire Hotspot များ၏ အကြောင်းရင်းများ၊ ရာသီဥတုပြောင်းလဲလာခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာသည့်အချက်များ၊ ရာသီဥတုပြောင်းလဲခြင်းကို လျှော့ချရမည့် နည်းလမ်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းနှင့် သစ်တော/သစ်ပင် စိုက်ပျိုးထိန်းသိမ်းခြင်းကြောင့် ရာသီဥတုကောင်းမွန်လာနိုင်သော အချက်များကို အကျယ်တဝင့် ဆွေးနွေးဟောပြောပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိလိုသည့် မေးခွန်းများကို မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည် ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရှိရသည်။

မြို့နယ်
(ပြန်/ဆက်)



# ဒုံးခွင်းဒုံးစနစ်သစ်တစ်ခု စတင်လုပ်ဆောင်ရေး သမ္မတအမိန့်တစ်ရပ် ထရမ့် လက်မှတ်ရေးထိုး




**ဝါရှင်တန် ဇန်နဝါရီ ၂၈**

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်သည် အမေရိကန်ကို ထိပါးနိုင်သည့် အန္တရာယ်များမှ ကာကွယ်ရန်အတွက် အမေရိကန် အိုင်းယွန်းဒုံးဟုခေါ်သော ဒုံးခွင်းဒုံးစနစ်သစ်တစ်ခု စတင်လုပ်ဆောင်ရေး သမ္မတအမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း သိရသည်။

ယင်းမှာ ဇန်နဝါရီ ၂၇ ရက်က ဖလော်ရီဒါမှ ဝါရှင်တန်သို့သွားစဉ် အဲယားဖို့ဒ်ဝမ်း လေယာဉ်ပေါ်မှ သမ္မတထရမ့် လက်မှတ်ရေးထိုးခဲ့သော ကာကွယ်ရေးဆိုင်ရာ သမ္မတ အမိန့်လေးခုထဲမှ တစ်ခု ဖြစ်သည်။ ထရမ့်က စတင်လုပ်ဆောင်ရန် စီစဉ်ထားသော ဒုံးကျည်ကြားဖြတ်ဟန့်တားစနစ်ကို အစ္စရေးအိုင်းယွန်းဒုံး လေကြောင်းရန် ကာကွယ်ရေးစနစ်၏ အမေရိကန်ဗားရှင်းဖြစ်သည်ဟု ဆိုသည်။

ပဲ့ထိန်းဒုံးကျည်များ၊ အသံထက်မြန်ဒုံးကျည်များ၊ ခရုစ်ဒုံးကျည်များနှင့် အခြားအဆင့်မြင့် လေကြောင်းတိုက်ခိုက်မှုများမှာ အမေရိကန်အတွက် အကြီးမားဆုံး ခြိမ်းခြောက်မှုအဖြစ် ဆက်လက်ရှိနေသေးသည်ဟု ဆိုသည်။ သို့သော်လည်း မည်သည့်အချိန်တွင် အဆိုပါကာကွယ်ရေးစနစ် စတင်လုပ်ဆောင်မည်ကို တိတိကျကျ ဖော်ပြထားခြင်း မရှိပေ။

ထရမ့်သည် ဇန်နဝါရီ ၂၆ ရက်က ဖလော်ရီဒါပြည်နယ်၌ မိန့်ခွန်းပြောကြားရာတွင် ဒုံးခွင်းဒုံးစနစ်နှင့်ပတ်သက်ပြီး ထည့်သွင်းပြောကြားခဲ့သည်။ ထို့အပြင် အမေရိကန်တွင် အဆိုပါစနစ်ကို ၁၀၀ ရာခိုင်နှုန်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# တူကီယဲအာဏာပိုင်များက ပြည်နယ် ၂၄ ခု၌ အိုင်အက်စ်သံသယရှိသူ ၁၀၀ ကို ဖမ်းဆီးထိန်းသိမ်း

**အင်ကာရာ ဇန်နဝါရီ ၂၈**

တူကီယဲ အာဏာပိုင်များသည် လွန်ခဲ့သော သီတင်းပတ်က အိုင်အက်စ်အဖွဲ့ဝင်အဖြစ် သံသယရှိသူ အယောက် ၁၀၀ ကို ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက ဇန်နဝါရီ ၂၈ ရက်က ပြောကြားခဲ့သည်။

Gurz-41 နှင့် Gurz-42 ဟု နာမည်ပေးထားသော စစ်ဆင်ရေးနှစ်ခုကို နိုင်ငံ၏ ပြည်နယ် ၂၄ ခုတွင် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် စစ်ဆင်ရေးတွင် မြို့တော်အန်ကာရာနှင့် အစ္စတန်ဘူလ်မြို့များလည်း ပါဝင်ကြောင်း ပြည်ထဲရေးဝန်ကြီးက လူမှုမီဒီယာပလက်ဖောင်း တစ်ခုဖြစ်သော အိတ်စ်တွင် ဖော်ပြခဲ့သည်။

သံသယရှိသူများသည် မြေအောက်လှုပ်ရှားမှုများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ငွေကြေးပံ့ပိုးမှုများနှင့် အကြမ်းဖက်အဖွဲ့အစည်းအတွက် ဝါဒဖြန့်ခြင်းများကို လူမှုမီဒီယာပေါ်တွင် လုပ်ဆောင်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# မလေးရှားနိုင်ငံ ဘော်နီယိုမြောက်ပိုင်း၌ ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ပြီး မာလိန်မှူးပျောက်ဆုံးလျက်ရှိ

**ကွာလာလမ်ပူ ဇန်နဝါရီ ၂၈**

မလေးရှားနိုင်ငံ ဘော်နီယိုမြောက်ပိုင်းပြည်နယ် ဆာဘာဝက် ကမ်းရိုးတန်းဒေသတွင် ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ပြီးနောက် သင်္ဘောသားခြောက်ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း မာလိန်မှူးမှာ ဆက်လက်ပျောက်ဆုံးလျက်ရှိကြောင်း မလေးရှား ကမ်းခြေစောင့်တပ်ဖွဲ့က ဇန်နဝါရီ ၂၈ ရက်က ပြောကြားခဲ့သည်။

ဇန်နဝါရီ ၂၇ ရက်ညတွင် ဆက်သွယ်မှု ပြတ်တောက်သွားခဲ့သော အဆိုပါကုန်တင်သင်္ဘောကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက ပြန်လည်တွေ့ရှိခဲ့ပြီး မရေးမနောင်းမှာပင် သင်္ဘောသားခြောက်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း မလေးရှားရေကြောင်း ထိန်းသိမ်းရေးအေဂျင်စီ လာဘူရန် ဒေသညွှန်ကြားရေးမှူး အီဇာဝမ် ဟာဒီအိုင်ဒရော့စ်က သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

သင်္ဘောသား ခြောက်ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း နှစ်ဦးမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း၊ ရေငုပ်အဖွဲ့သည် ပျောက်ဆုံးနေသော မာလိန်မှူးကို ရှာဖွေလျက်ရှိကြောင်း၊ သို့သော်လည်း မာလိန်မှူးသည် သင်္ဘောပျက် အစိတ်အပိုင်းတစ်ခုတွင် ပိတ်မိနေနိုင်သည်ဟု ယုံကြည်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆိုးရွားသောရာသီဥတုအခြေအနေက ကုန်တင်သင်္ဘောနစ်မြုပ်ရသည့် အကြောင်းရင်းတစ်ခု ဖြစ်နိုင်ကြောင်းနှင့် ကယ်ဆယ်ရှာဖွေရေးများကို ဆက်လက်လုပ်ဆောင်လျက် ရှိကြောင်း၊ သင်္ဘောနစ်မြုပ်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မလေးရှားရေကြောင်း ထိန်းသိမ်းရေးအေဂျင်စီ လာဘူရန် ဒေသညွှန်ကြားရေးမှူး အီဇာဝမ် ဟာဒီက ပြောကြားခဲ့သည်။

**ဆင်ဟွာ**



နစ်မြုပ်ပျောက်ဆုံးနေသော ကုန်တင်သင်္ဘောကို ရှာဖွေနေသည့် တာဝန်ရှိသူများကို တွေ့ရစဉ်။



နေရပ်ပြန် ဂါဇာဒေသခံများကို တွေ့ရစဉ်။

# ဂါဇာဒေသခံ သုံးသိန်းခန့် ဂါဇာမြောက်ပိုင်းသို့ နေရပ်ပြန်ဟု ကာတာပြော

**ဒိုဟာ ဇန်နဝါရီ ၂၈**

ပဋိပက္ခဖြစ်ပွားမှုကြောင့် ဘေးလွတ်ရာ တိမ်းရှောင်နေရသော ဂါဇာဒေသခံ သုံးသိန်းခန့်မှာ ဂါဇာကမ်းမြောင်တောင်ပိုင်းမှ ၎င်းတို့ နေအိမ်များရှိရာ မြောက်ပိုင်းသို့ နေရပ်ပြန်သွားကြပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၈ ရက်တွင် ကာတာနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာဂျက်အယ်အန်ဆာရီက ပြောသည်။

ဟားမားစ်အဖွဲ့သည် ဓားစာခံများ၏ အရေးကြီးသော အချက်အလက်များနှင့် ပတ်သက်ပြီး ကြားဝင်ညှိနှိုင်းစေ့စပ်ပေးသူများကို ပေးထားကြောင်း အပတ်စဉ် သတင်းစာရှင်းလင်းပွဲတွင် အယ်အန်ဆာရီက ပြောသည်။

ထို့အပြင် ကာတာ - အီဂျစ် ပူးတွဲကော်မတီမှ တစ်ဆင့် ဂါဇာဒေသခံများ နေရပ်သို့ ချောမွေ့စွာ ပြန်နိုင်ရေးအတွက် အီဂျစ်မိတ်ဖက်များနှင့်အတူ အနီးကပ် လုပ်ဆောင်လျက်ရှိကြောင်း ပြောသည်။

အစ္စရေးဓားစာခံ အာဘယ် ရေဟုဒ်နှင့် နောက်ထပ်နှစ်ဦးကို ဇန်နဝါရီ ၃၁ ရက်မတိုင်မီ လွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံတွင် မော်တော်ယာဉ်ခိုးယူခဲ့သည့် အသက် ၁၄ နှစ်အရွယ် လူငယ်သုံးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီး

**ဆစ်ဒနီ ဇန်နဝါရီ ၂၈**

ဩစတြေးလျနိုင်ငံမြောက်ပိုင်းတွင် မော်တော်ယာဉ်ခိုးယူခဲ့သည်ဟု သံသယရှိသည့် လူငယ်သုံးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် ဆစ်ဒနီမြောက်ပိုင်း ကီလိုမီတာ ၃၀၀ ကျော်ကွာဝေးသော ဂမ်နီဒါမြို့ငယ်လေးအနီး၌ တာဝန်ကျရဲတပ်ဖွဲ့သည် အခိုးခံထားရကြောင်း တိုင်ချက်ဖွင့်ထားသည့် မော်တော်ယာဉ်နောက်ကို အပူတပြင်းလိုက်လံဖမ်းဆီးခဲ့ကြောင်း နယူးဆောက်သ်ဝေးလ်ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ထိုသို့ လိုက်လံဖမ်းဆီးစဉ် အဆိုပါ အခိုးခံထားရသည်ဟု ယူဆရသည့် မော်တော်ယာဉ်သည် ဆိုင်ကယ်တစ်စီးနှင့် တိုက်မိပြီး ဆိုင်ကယ်စီးသမား အပြင်းအထန်ဒဏ်ရာရရှိခဲ့သည်။

ဆိုင်ကယ်စီးသမားကို နယူးဆောက်သ်ဝေးလ် လူနာတင်ယာဉ်ဆေးတပ်ဖွဲ့က အရေးပေါ်ပြုစုကုသခဲ့သော်လည်း အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့ကြောင်းသိရသည်။

ထို့နောက် မော်တော်ယာဉ်ခိုးယူရာတွင် ပါဝင်သော အသက် ၁၄ နှစ်အရွယ် လူငယ်သုံးဦးကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည်။

**ဆင်ဟွာ**

# ချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်းမြင့်မားစွာရရှိရန် ဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်နည်းစနစ်များ

ထားထားသီ

မြန်မာနိုင်ငံတွင် ဝါကို သမိုင်းဦးပျူခေတ်ကပင် စတင်စိုက်ပျိုးခဲ့ပါသည်။ ကိုလိုနီခေတ်ကာလတွင်းတွင် ဝါစိုက်ဧရိယာများ တိုးတက်ခဲ့ပြီး ချည်မျှင်ရှည်ဝါ ပျမ်းမျှတန်ချိန် ၁၅၀၀၀ ခန့် ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည်။

ဝါသီးနှံသည် အဓိကစက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်ပြီး ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါကို မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြပါသည်။ ချည်မျှင်တိုဝါ စိုက်ပျိုးသည့် ဒေသများတွင် ဒေသမျိုးများဖြစ်သည့် မလှိုင် ၅ နှင့် ဝါကြီးမျိုးများကိုသာ စိုက်ပျိုးခဲ့ကြပါသည်။ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် အထွက်နှုန်းကောင်းမွန်၍ သီးလုံးဖောက်ပိုးဒဏ်ခံနိုင်ရည်ရှိသော ငွေချည် ၆ ချည်မျှင်ရှည်ဝါများကို ထုတ်ဝေဖြန့်ဖြူးနိုင်ခဲ့ပါသည်။

အထွက်နှုန်းကောင်းမွန်၍ သီးလုံးဖောက်ပိုးဒဏ်ခံနိုင်ရည်ရှိပြီး စုပ်ပိုးဒဏ်အသင့်အတင့် ခံနိုင်ရည်ရှိသော ရွှေတောင် ၈ နှင့် ငွေချည် ၉ ချည်မျှင်ရှည်ဝါမျိုးသစ် နှစ်မျိုးကို ၂၀၁၃ - ၂၀၁၄ ခုနှစ်နှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ အထွက်နှုန်း၊ ဂွမ်းမွေးနှင့် ချည်အရည်အသွေးကောင်းမွန်ပြီး သီးလုံးဖောက်ပိုးဒဏ်ခံနိုင်ရည်ရှိသော ရွှေတောင် ၁၀ နှင့် ငွေချည် ၁၁ ချည်မျှင်ရှည်ဝါမျိုးသစ် နှစ်မျိုးကို ၂၀၁၈-၂၀၁၉ ခုနှစ်တွင်လည်းကောင်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါသည်။ ဝါသီးနှံအထွက်နှုန်းမြင့်မားစွာရရှိရန်အတွက် အောက်ဖော်ပြပါ နည်းလမ်းများကို လိုက်နာဆောင်ရွက်သင့်ပါသည်-



**၁။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း**

ဝါသီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် မျိုးရိုးဗီဇခိုင်မာ ကောင်းမွန်သော ဝါမျိုးများကို ရွေးချယ်စိုက်ပျိုးခြင်းသည် အခြေခံအကျဆုံးအချက်ဖြစ်ပါသည်။ ဝါမျိုး၏ မျိုးရိုးဗီဇသည် ဝါအထွက်နှုန်းအပေါ် (၅၀-၆၀ ရာခိုင်နှုန်း) အကျိုးပြုစေပါသည်။ စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ရောင်းချသော ငွေချည်-၆၊ ရွှေတောင်-၈၊ ငွေချည်-၉၊ ရွှေတောင်-၁၀၊ ငွေချည်-၁၁ မျိုးသန့်ဝါမျိုးများကိုသာ သုံးစွဲသင့်ပါသည်။ အဆိုပါဝါမျိုးများကို သုံးစွဲခြင်းအားဖြင့် မြင့်မားသော ဝါအထွက်နှုန်းကို ရရှိစေမည်ဖြစ်ပါသည်။

**၂။ မြေနေရာရွေးချယ်ခြင်း**

ဝါစိုက်ပျိုးရန်အတွက် နုန်းမြေ၊ သဲနုန်းမြေ၊ နုန်းစနယ်မြေ၊ သဲစနယ်မြေ၊ စနယ်မြေစေး၊ မြေချဉ်ငန်ဓာတ် ၆ ဒသမ ၀ မှ ၆ ဒသမ ၅ ရှိရမည်။ ဆား၊ ဆပ်ပြာ၊ ယမ်းစိမ်း မပေါက်သောမြေ ဖြစ်ရမည်။

**၃။ စိုက်ချိန်မှန်ကန်စေခြင်းနှင့် ထယ်ရေးနက်နက်ရစေခြင်း**

- ရာသီဥတုနှင့်နေရာဒေသအလိုက် သင့်လျော်သော စိုက်ချိန်အမီ စိုက်ပျိုးရမည်။
- ရာသီဥတုပြောင်းလဲလာခြင်း၊ မိုးရေချိန်နှင့် မိုးရွာရက်များ ပြောင်းလဲလာခြင်းကြောင့် ဝါသီးနှံစိုက်ပျိုးနိုင်သည့် ရာသီသုံးခုအတွင်း ဝါပင်ကြီးထွားရန် အခြေအနေအကောင်းဆုံး ဖန်တီးပေးနိုင်သော စိုက်ချိန်ကို ရွေးချယ်စိုက်ပျိုးရပါမည်။ မိုးရာသီတွင် မိုးအုံ့၍ အလင်းရောင်ရရှိမှုနည်းလျှင် အပိမ့်၊ သီးကင်းများ ကြွေကျတတ်သည်။ သို့ဖြစ်၍ "**မိုးကြိုဝါကို ဖေဖော်ဝါရီလလယ်မှ မတ်လလယ်အတွင်း၊ မိုးဝါကိုမေလလယ်မှ ဇွန်လကုန်အတွင်းနှင့် မိုးနှောင်းဝါကို ဇူလိုင်လလယ်မှ ဩဂုတ်လလယ်အတွင်း စိုက်ပျိုးသင့်**"သည်။
- ဝါစိုက်ထယ်ရေးအဖြစ် ထယ်နှစ်စပ်ထိုးပြီး စက်ထွန် နှစ်စပ် (သို့) နွားထွန် လေးစပ် ထွန်မွှေပေးရပါမည်။ မြေအတွင်းရှိ အစိုဓာတ်မပျက်စေရန် ကြမ်းတုံးဖြင့် မြေကိုဖိ၍ ညီညာအောင်ညှိပြီး စိုက်တန်းဆွဲကာ မြေကိုစနစ်တကျ ထွန်ယက်စိုက်ပျိုးရပါမည်။ ထိုကဲ့သို့ မြေကို စနစ်တကျ ထွန်ယက်စိုက်ပျိုးခြင်းဖြင့် -

(၁) မြေတွင်းအစိုဓာတ်ကောင်းစွာထိန်းနိုင်ခြင်း၊
(၂) မြေတွင်း လေဝင်လေထွက် ကောင်းမွန်ခြင်း၊
(၃) အကျိုးပြုပိုးများ (Microbe) လှုပ်ရှားနိုင်၍ အပင်အတွက် အာဟာရကောင်းစွာ ရရှိနိုင်ခြင်း၊
(၄) ပေါင်းမြက်များကို သေစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်ပါသည်။

**၄။ တစ်ဧက သတ်မှတ်အပင်ရေ ပြည့်မီအောင် စိုက်ပျိုးခြင်း**

- စိုက်ပျိုးရေးဦးစီးဌာနမှရောင်းချသော ဝါများသည် အပင်ပေါက်နှုန်း ကောင်းမွန်သည့်အတွက် အပင်မကျပ်စေရန်နှင့် မျိုးစေ့ကုန်ကျမှု သက်သာစေရန် စိုက်ကျင်းတစ်ကျင်းလျှင် မျိုးသန့်ဝါစေ့ သုံးစေ့ထက်မပိုဘဲ မျိုးစေ့ချစိုက်ပျိုးရပါမည်။
- စိုက်တန်းစိုက်ကျင်းမှန်အောင် စိုက်ပျိုးခြင်း၊
- ဝါကောက်ချိန်တွင် သတ်မှတ်အပင်ရေ၏ ၈၅ ရာခိုင်နှုန်းမှ ဝါကောက်သိမ်းနိုင်ရေးအတွက် ဝါပင်များ အသေအပျောက်မရှိရေးကို အလေးထားစီစဉ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။

**၅။ အချိန်မီသားခွဲခြင်း**

ရွက်စစ် (၃-၄) ရွက်ထွက်ချိန်တွင် စိုက်ကျင်းတစ်ကျင်းလျှင် နှစ်ပင်ချန် သားခွဲခြင်းလုပ်ငန်းကို လုပ်ဆောင်ရပါမည်။ အချိန်မီသားခွဲခြင်းအားဖြင့် အောက်ပါအကျိုးကျေးဇူးများ ရရှိစေပါသည်။

(၁) အပင်ပုံမှန်ဖြစ်ထွန်းခြင်း၊
(၂) သီးကိုင်းများပုံမှန်ကြီးထွားခြင်း၊
(၃) ဂွမ်း၊ ဝါစေ့အရည်အသွေးကောင်းမွန်ခြင်း၊
(၄) အထွက်နှုန်းကောင်းခြင်းတို့ ဖြစ်ပါသည်။

**၆။ ပေါင်းမြက်နှိမ်နင်းခြင်းနှင့် ကြားထွန်တိုက်ခြင်း**

ဝါ၏အထွက်နှုန်းသည် ပေါင်းရှင်းခြင်းကြောင့် ၃၄ ဒသမ ၈၀ ရာခိုင်နှုန်း တိုးတက်နိုင်ပါသည်။ အပင်ငယ်စဉ် မြစ်စဉ်ထုအား ကြီးထွားမှုမြန်ပြီး အပင်ကြီးထွားမှုနှေးသဖြင့် ဝါပင်သက်တမ်း နှစ်လအတွင်း ပေါင်းမြက်မအုပ်မိစေရန် ငယ်ပေါင်းနှိမ်နင်းရန် အထူးလိုအပ်သည်။ နောက်ပိုင်း ကြားထွန်ဝင်ခြင်းကို ၁၅ ရက်တစ်ကြိမ် (သို့) ရေသွင်းပြီး မိုးရွာပြီးချိန်တွင် သော်လည်းကောင်း၊ ပေါင်းမြက်ထလျှင်သော်လည်းကောင်း ဆောင်ရွက်ရမည်။ ဝါပင်သက်တမ်းတစ်လျှောက် ပေါင်းမြက်ကင်းစင်စွာထားခြင်း၊ စိုက်တန်းများအကြား ကြားထွန်တိုက်ခြင်းကိုလည်း အဆက်မပြတ် ပြုလုပ်သင့်ပါသည်။

**၇။ လိုအပ်သလိုရေသွင်းခြင်း**

- အပိမ့်စတင်ခါနီးအချိန်၊ ပန်းစပွင့်ချိန်၊ ပန်းပွင့်ဖြိုင်ချိန်နှင့် ဝါသီးကြီးထွားချိန်တို့တွင် အစိုဓာတ်လုံလောက်စွာမရပါက ရေသွင်းရပါမည်။
- အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်ထက်ကျော်ပါက ဝါဖြစ်ထွန်းမှုထိခိုက်ခြင်း၊ မျိုးကူးစက်မှု မအောင်မြင်ဘဲ အပွင့်နှင့် အသီးကင်းများ ကြွေကျခြင်းတို့ဖြစ်စေသည်။ အသင့်တော်ဆုံးအစိုဓာတ်မှာ မြေအစိုဓာတ်ထိန်းစွမ်းအား (Field Capacity)၏ (၆၀-၇၀ ရာခိုင်နှုန်း)ဖြစ်သည်။ ဝါသီးကွဲချိန်တွင် လေထုစိုထိုင်းဆ ၆၅ ရာခိုင်နှုန်းအောက် ရှိသင့်သည်။
- လိုအပ်သော ရေပမာဏကို မြေအမျိုးအစားအလိုက် ခွဲခြားပေးသွင်းရန် လိုအပ်သည်။
- ရေသွင်းရေထုတ်မြောင်းများကို စနစ်တကျပြုလုပ်၍ ရေပိုရေလျှံများထုတ်ခြင်း၊ ရေဝပ်ရေစိမ့်ခြင်းမဖြစ်အောင် ကာကွယ်သင့်ပါသည်။

**၈။ သဘာဝမြေဩဇာအသုံးပြုခြင်းနှင့် မြေဩဇာအား အချိုးကျထည့်သွင်းခြင်း**

ဝါသီးနှံအထွက်နှုန်းနှင့် အရည်အသွေး တိုးတက်မြင့်မားရေးအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများအား အချိုးကျသုံးစွဲခြင်းသည် အရေးကြီးသောအချက်ဖြစ်ပါသည်။ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ထိန်းသိမ်းနိုင်ရန် မြေဆီလွှာအရည်အသွေး ကောင်းမွန်ပြီး အပင်အာဟာရဓာတ်ရရှိရန်မှာ အရေးကြီးပါသည်။ ဓာတ်မြေဩဇာသည် ဝါပင်အတွက် လိုအပ်သော အာဟာရဓာတ်ကိုသာ ဖြည့်ပေးနိုင်သည့်အတွက် သဘာဝမြေဩဇာများ တွဲဖက်အသုံးပြုမှသာ မြေဆီလွှာ၏ အရည်အသွေး ကောင်းမွန်တိုးတက်လာပြီး ဝါသီးနှံများ ရေရှည်တိုးမြင့်ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

တစ်ဧကလျှင် ဝါသီးနှံအထွက်နှုန်း တိုးတက်စေရန်နှင့် အရည်အသွေးပြည့်မီသော ဝါဂွမ်းများ ရရှိရန် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးညီညီ ပေါင်းစပ်ထည့်ပေးခြင်းအားဖြင့် မြေတွင်လိုအပ်သော အာဟာရဓာတ်များမျှတစေပြီး အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်စေမည်ဖြစ်ပါသည်။ ထို့ကြောင့် "နွားချေးလှည်း ၁၀ စီးနှင့် ကွန်ပေါင်းမြေဩဇာ တစ်အိတ်ကို မြေခံအဖြစ်လည်းကောင်း၊ ကွန်ပေါင်းအိတ်ဝက်နှင့် ယူရီးယားအိတ်ဝက်ကို အပိမ့်ဝင်ချိန်တွင် အပင်ခြေမှ ခြောက်လက်မအကွာတွင် တစ်ကြိမ်၊ ကျန်တစ်ဝက်စီကို ပန်းပွင့်ချိန်တွင် အပင်ခြေမှ ရှစ်လက်မအကွာတွင် တစ်ကြိမ် ထည့်သွင်းရပါမည်။"

**❍ ဝါသီးနှံအထွက်နှုန်းနှင့် အရည်အသွေး တိုးတက်မြင့်မားရေးအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများအား အချိုးကျသုံးစွဲခြင်းသည် အရေးကြီးသောအချက်ဖြစ်ပါသည်။ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ထိန်းသိမ်းနိုင်ရန် မြေဆီလွှာ အရည်အသွေးကောင်းမွန်ပြီး အပင်အာဟာရဓာတ်ရရှိရန်မှာ အရေးကြီး**

**❍ တစ်ဧကလျှင် ဝါသီးနှံအထွက်နှုန်း တိုးတက်စေရန်နှင့် အရည်အသွေးပြည့်မီသော ဝါဂွမ်းများရရှိရန် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးညီညီပေါင်းစပ်ထည့်ပေးခြင်းအားဖြင့် မြေတွင်လိုအပ်သော အာဟာရဓာတ်များမျှတစေပြီး အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်စေမည်ဖြစ်ပါသည်။ ထို့ကြောင့် နွားချေးလှည်း ၁၀ စီးနှင့် ကွန်ပေါင်းမြေဩဇာ တစ်အိတ်ကို မြေခံအဖြစ်လည်းကောင်း၊ ကွန်ပေါင်းအိတ်ဝက်နှင့် ယူရီးယားအိတ်ဝက်ကို အပိမ့်ဝင်ချိန်တွင် အပင်ခြေမှ ခြောက်လက်မအကွာတွင် တစ်ကြိမ်၊ ကျန်တစ်ဝက်စီကို ပန်းပွင့်ချိန်တွင် အပင်ခြေမှ ရှစ်လက်မအကွာတွင် တစ်ကြိမ် ထည့်သွင်းရပါမည်**

*စာမျက်နှာ ၁၇ သို့*

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် နေကြာသီးနှံဖြည့်စွက်ဝတ်မှုန်ကူးပွဲနှင့် မတ်ပဲသီးနှံ ယူရီးယား၊ လက်ချားရောစပ်အသုံးပြုခြင်း လက်တွေ့ကွင်းပြပွဲကြည့်ရှုအားပေး

**စစ်တွေ ဇန်နဝါရီ ၂၈**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သည့် ရေဆင်းစပ်မျိုး - ၁ နေကြာသီးနှံ ဖြည့်စွက်ဝတ်မှုန်ကူးပွဲနှင့် မတ်ပဲသီးနှံ ယူရီးယား၊ လက်ချား ရောစပ်အသုံးပြုခြင်း လက်တွေ့ကွင်းပြပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အနောက်စံပြ ရပ်ကွက် စံပြစိုက်ကွင်း၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့နှင့် ပညာပေးစာအုပ်များကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်ကြည်ဝင်းက ၂၀၂၄ - ၂၀၂၅ ခုနှစ် စစ်တွေမြို့၏ ဆောင်းသီးနှံစိုက်ပျိုးမှု အခြေအနေများနှင့် ရေဆင်းစပ်မျိုး-၁ နေကြာသီးနှံမျိုးစေ့ထုတ် စိုက်ခင်း ဖြည့်စွက်ဝတ်မှုန်ကူးခြင်း၊ မတ်ပဲသီးနှံ ယူရီးယား၊ လက်ချားသုံးစွဲခြင်းတို့ကို ရှင်းလင်းတင်ပြပြီး စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူးက အနောက်စံပြရပ်ကွက်၊ စံပြစိုက်ကွင်း လယ်မြေခြောက်ဧကကို အဆင့်မြင့်လယ်ယာဖော်ထုတ်မည့် အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြီး အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ရေသွင်း၊ ရေထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများဖြင့် စနစ်တကျ ဖော်ထုတ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နေကြာသီးနှံမျိုးစေ့ထုတ် တစ်ဧကစိုက်ခင်း၌ ဖြည့်စွက်ဝတ်မှုန်ကူးခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြရာ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် စိုက်ပျိုးရေးပညာရှင်များက ဝတ်မှုန်ကူးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးကျေးဇူးများနှင့် အထွက်နှုန်းကောင်းမွန်မှုရှိခြင်းတို့ကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မတ်ပဲသီးနှံစံပြကွက် လေးဧက စိုက်ခင်းအတွင်း ယူရီးယား၊ လက်ချားရောစပ်ကာ ပက်ဖျန်းပေးနေမှုကို ကြည့်ရှုအားပေးကြပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများအား ယူရီးယား၊ လက်ချားရောစပ်ခြင်းနှင့် ရရှိနိုင်သော အကျိုးကျေးဇူးများအကြောင်း လက်တွေ့သရုပ်ပြသခြင်းနှင့် ပညာပေးဆွေးနွေးခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ညောင်ကန်ကျေးရွာ၌ ကွင်းဆင်းထုတ်ချေးပေးခဲ့သည်။

ဦးစွာ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသက်က ညောင်ကန်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း အသင်းသား အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ရှိသူများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၂၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အသင်းသား အသင်းသူ ၁၂၉ ဦးအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၂၇ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် တစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**



# ဖြူးမြို့နယ်၌ မီးဘေးကာကွယ်ရေး မီးငြိမ်းသတ်သရုပ်ပြ

**ဖြူး ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ဖြူးမြို့နယ်စည်ပင်သာယာဈေးကြီးတွင် ဆောင်ရွက်သည်။

ထိုသို့ မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ မီးသတ်ဦးစီးမှူး ဦးချမ်းဟိန်းလင်း ဦးဆောင်ကာ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းများ၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ် သရုပ်ပြသခြင်းများကို ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလင်းနှင့် ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဈေးသူ ဈေးသားများက တက်ရောက်၍ လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ကျေးသီးမြို့၌ ကျောင်းတွင်းအာဟာရ ကျွေးမွေး

**ကျေးသီး ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ဇန်နဝါရီ ၂၇ ရက်က အခြေခံပညာအထက်တန်းကျောင်း(ကျေးသီး)၊ အခြေခံပညာမူလတန်းလွန်ကျောင်း(လုံပု)နှင့် အခြေခံပညာမူလတန်းကျောင်း(မြို့မ) တို့၌ ဆောင်ရွက်သည်။

ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများအားလုံး ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝရန်၊ ကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်များ စွဲမြဲကျင့်သုံးတတ်စေရေးအတွက် ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရန်၊ မူလတန်းကျောင်းသား ကျောင်းသူများ၏ ဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ပုံစံများ မြှင့်တင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



**နန်းဖွေခမ်း**

*စာမျက်နှာ ၁၆ မှ*

### အကျိုးကျေးဇူးများ

- အဓိကလို၊ သာမန်လိုနှင့် အနည်းလို အာဟာရဓာတ်များ စုံလင်စွာရရှိနိုင်သည်။
- မြေဆီလွှာဖွဲ့စည်းပုံ တိုးတက်ကောင်းမွန်၍ မြေအစိုဓာတ် ကြာရှည်ထိန်းသိမ်းနိုင်ပြီး မြေတွင်းအပူအအေး မျှတစေပါသည်။
- မြေထဲတွင် လေဝင်လေထွက်ကောင်းမွန်စေပြီး မြေတွင်းအဏုဇီဝသက်ရှိများ လှုပ်ရှားဆောင်ရွက်ကာ အာဟာရများကို ဝါမြစ်မှ အလွယ်တကူ စုပ်ယူစားသုံးနိုင်သည်။

**၉။ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း**

ဝါသီးနှံအထွက်နှုန်း လျော့ကျစေသောအချက်များတွင် ပိုးမွှားရောဂါဖျက်ဆီးမှုသည်လည်း အဓိကအကြောင်းရင်းဖြစ်သည်။ သီးလုံးဖောက်ပိုးနှင့် စုပ်စားပိုးများက ဝါသီးနှံအထွက်နှုန်းကို အဓိကလျော့ကျစေပါသည်။ ဝါပင်၏ သီးပွင့်အင်္ဂါများတွင် ကျရောက်သော ဖျက်ပိုးများမှာ-

(၁) အစိမ်းရောင်သီးလုံးဖောက်ပိုး (American Bollworm)

(၂) အစက်ပြောက်သီးလုံးဖောက်ပိုး (Spotted Bollworm)

(၃) ပန်းရောင်သီးလုံးဖောက်ပိုး (Pink Bollworm)

(၄) ဝါဂွမ်းပိုးနီ (Red Cotton Bug)

ဝါစိုက်ခင်းအတွင်း ကျရောက်သော အင်းဆက်ပိုးကောင်ရေသည် အမြဲတမ်းပြောင်းလဲနေပြီး ကာကွယ်နှိမ်နင်းမှုမပြုဘဲထားပါက ပိုးကောင်ရေတိုးတက်များပြားလာကာ သီးနှံအထွက်နှုန်းကို စီးပွားရေးအရ ထိခိုက်ကျဆင်းစေနိုင်ပါသည်။ **“ဝါပင် ရက်သား ၅၀ အထိ စုပ်ပိုးကာကွယ်ဆေး နှစ်ကြိမ်နှင့် ဝါပင် ရက်သား ၆၀ နောက်ပိုင်းတွင် ဝါဂွမ်းပိုးနီနှင့် ရွက်လိပ်ရွက်စားပိုးအတွက် ဆေးနှစ်ကြိမ်ဖျန်းပြီး လိုအပ်ပါက အခြားပိုးများအတွက်လည်း ဆေးဖျန်းကာကွယ်သင့်”**ပါသည်။ ပိုးမွှားများအား စနစ်တကျ နှိမ်နင်းနိုင်ရန် ပိုးသတ်ဆေးအား စနစ်တကျ မှန်မှန်ကန်ကန် အသုံးပြုရန်နှင့် ဘက်စုံပိုးမွှားကာကွယ်နည်းဖြင့် ကာကွယ်နှိမ်နင်းခြင်းကိုလည်း ပြုလုပ်သင့်ပါသည်။

**၁၀။ စနစ်တကျ ဝါကောက်သိမ်းခြင်း**

ဝါသီး ၃၀ ရာခိုင်နှုန်းစကွဲပြီး နှစ်ပတ်ခန့်အကြာတွင် အလေအလွင့်မရှိအောင် ဝါကောက်သိမ်းခြင်းကို လုပ်ဆောင်ရမည်။ ဝါကောက်သိမ်းခြင်းကို အောက်ပါအချက်များအပေါ် အခြေခံ၍ ကောက်သိမ်းရမည်။

- ကောင်းစွာခြောက်သွေ့သော ဝါပေါက်များကို ကောက်သိမ်းခြင်း၊
- ဝါကောင်းနှင့် ကြွယ်ဝါကို ခွဲခြား၍ ကောက်သိမ်းခြင်း၊
- ရေစိုခြင်း၊ အစိုပြန်ခြင်း မရှိအောင် ဂရုပြုခြင်း၊
- အခြောက်လှန်းပြီး ဝါများကို ဂိုဒေါင်မသွင်းမီ သော်လည်းကောင်း၊ မရောင်းချမီသော်လည်းကောင်း ဝါရွက်ခြောက်၊ ဝါကိုင်းခြောက်၊ အမှိုက်သရိုက်များ မပါဝင်ရန် သန့်စင်မှုပြုလုပ်ခြင်း၊
- ဝါကောက်သိမ်းခြင်းလုပ်ငန်း ပြီးစီးပါက ဝါပင်များအား ခုတ်ယူစုပုံမီးရှို့ခြင်း ပြုလုပ်ရန် စီစဉ်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

အထက်ဖော်ပြပါ သိပ္ပံနည်းကျနည်းစနစ်များနှင့် ချည်မျှင်ရှည်ဝါမျိုးများကို စနစ်တကျစိုက်ပျိုးခြင်းကြောင့် ဝါစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းမြင့်မားစွာ ရရှိမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

## မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုနှင့် စာကြည့်တိုက်များသို့ ကွင်းဆင်းကြည့်ရှု၍ စာအုပ်များပေးအပ်လှူဒါန်း

**မော်လမြိုင် ဇန်နဝါရီ ၂၈**



မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်) ကျောင်းရှိ ကျောင်းသားကျောင်းသူများက စကားပုံဆက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေး၍ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် အားလပ်ချိန်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုပိုမိုရရှိစေရန်၊ လူအများနှင့် ပြောဆိုဆက်ဆံရာတွင် ပြောရဲဆိုရဲသည့် အလေ့အကျင့်များရရှိလာစေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိနိုင်စေရန်၊ အသိပညာ ဗဟုသုတများ တိုးပွားရရှိလာစေရန် ရည်ရွယ်ကျင်းပသည့် ကျောင်းသားကျောင်းသူများ၏ စာပေစကားဝိုင်း ဆွေးနွေးနေမှုနှင့် သုတ၊ ရသ စာအုပ်စာစောင်များ ခင်းကျင်းပြသထားရှိမှုတို့ကို ကြည့်ရှုအားပေး၍ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျောင်းတာဝန်ရှိသူတစ်ဦးက လက်ခံယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြာအင်းကျေးရွာ ကြယ်စင်အလင်း ဥယျာဉ်စာကြည့်တိုက်ရှိ စာအုပ်စာစောင်များထားရှိမှု၊ စာပေလေ့လာဖတ်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ စာကြည့်တိုက်အတွင်း လေဝင်လေထွက်ကောင်းမွန်မှု၊ စာဖတ်စားပွဲနှင့် ပရိဘောဂပစ္စည်းများ ပြည့်စုံလုံလောက်မှု အခြေအနေများကို ကြည့်ရှု၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က စာကြည့်တိုက်၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ မျက်စိခွဲစိတ်ကုသရမည့် လူနာများအား ကူညီပို့ဆောင်ပေး

**တွံတေး ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် "မရှိ၍ မလင်းသူမရှိစေရ" ကုသရေးအစီအစဉ်တွင် မျက်စိခွဲစိတ်ကုသရမည့်လူနာများအား တွံတေးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကဦးဆောင်၍ ဇန်နဝါရီ ၂၇ ရက်က ဗဟန်းအမျိုးသမီးဆေးရုံနှင့် ကန်တော်ကြီးမျက်စိဆေးရုံသို့ မျက်စိခွဲစိတ်ကုသရမည့် လူနာများအား ကူညီပို့ဆောင်ပေးခဲ့သည်။

မျက်စိခွဲစိတ်ရမည့် လူနာခုနစ်ဦး ပို့ဆောင်ရာတွင် မျက်စိခွဲစိတ်ကုသရမည့် လူနာများအား ဆရာဝန်များက စမ်းသပ်စစ်ဆေးခြင်း၊ ကုသဆောင်များတွင် နေရာချထားပေးခြင်းများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ကူညီဆောင်ရွက်ပေးခဲ့သည်။ ဗဟန်းအမျိုးသမီးဆေးရုံတွင်မျက်စိခွဲစိတ်ရမည့် လူနာခြောက်ဦး မျက်စိခွဲစိတ်ရန်အတွက် ဆေးရုံတက်ရောက်ခဲ့ကြောင်း သိရသည်။

ကန်တော်ကြီးမျက်စိဆေးရုံတွင် မျက်စိခွဲစိတ်ရမည့် လူနာတစ်ဦးမှာ ကန်တော်ကြီးမျက်စိဆေးရုံတွင် ပြသနေဆဲလူနာဖြစ်သည့်အတွက် ကန်တော်ကြီးဆေးရုံတွင် ဆက်လက်ပြသရမည်ဖြစ်ကာ မျက်စိဝေဒနာရှင်လူနာများအား ဆေးရုံတက်ရောက်နိုင်ရန် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပြီး ဆေးရုံတက်ရောက်ရမည့် လူနာများကိုလည်း ထမင်းစရိတ်အဖြစ် နှစ်ရက်စာ တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တွံတေးသား**



## သုံးခွမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးလက်ကုန်ထုတ် လမ်းတံတားများဖောက်လုပ်နေမှု စစ်ဆေး

**သုံးခွ ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆယ်ရွာကျေးရွာနှင့် ကတုံးပေါ်အလယ်ကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင်



ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဒေါ်အေးအေးကြူ၊ သုံးခွမြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းချိုနှင့်လမ်းအရည်အသွေးစစ်ဆေးရေးအဖွဲ့က ဆယ်ရွာကျေးရွာတွင် အရှည် ၂ မိုင် ၁ ဒသမ ၂၇ဖာလုံ၊ အကျယ် ၁၂ပေ၊ ဒု ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်ဂဝံလမ်းခင်းခြင်းနှင့် လမ်းပေါ်ရှိ ရေထုတ်ပြွန်ကုန်ထုတ်တံတားနှစ်စင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကတုံးပေါ်အလယ်ကျေးရွာတွင် အရှည် ၁ မိုင် ၂ ဒသမ ၃ဖာလုံ၊ အကျယ် ၁၂ပေ၊ ဒုကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်ရှိ ရေထုတ်ပြွန်ကုန်ထုတ်တံတားတစ်စင်း တည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာနှစ်ရွာရှိ ကျေးလက်နေ ပြည်သူများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ၂၂၂

## မော်လမြိုင်မြို့နယ်၌ မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၂၈**

မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာနက ပြည်သူများအား သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဘိုကုန်းရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးအောင်စိုးနိုင်က သစ်တောထိန်းသိမ်းခြင်းဆိုင်ရာများကိုလည်းကောင်း၊ တောအုပ်ကြီး ဦးအောင်ဇော်လတ်က ရေသယံဇာတထိန်းသိမ်းရေးဆိုင်ရာများကိုလည်းကောင်း၊ တောအုပ်ကြီး ဦးဝင်းလှိုင်က မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများကိုလည်းကောင်း ဟောပြောခဲ့ကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရှားငံမြို့နယ် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု စစ်ဆေး

**ရှားငံ ဇန်နဝါရီ ၂၈**



ရှမ်းပြည်နယ် (တောင်ပိုင်း) ရှားငံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြိုင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ပြီး အောင်မြင်ဖြစ်ထွန်းနေမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးအောင်လွင်ဦး၊ ရှားငံမြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်နှင့် တာဝန်ရှိသူများသည် မြိုင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် ကော်ဖီသီးလုံးစို ဝယ်ယူကြိတ်ခွဲထုတ်လုပ်နေမှုနှင့် ရောင်းချနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံ မှန်ကန်မှု ရှိ မရှိစစ်ဆေးပြီး ဒေသဦးစီးမှူးက ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၁-၂၀၂၂ ပထမခြောက်လ ဘဏ္ဍာနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အသင်းသားအသင်းသူ ၅၂ ဦးအား ရန်ပုံငွေကျပ်၃၂၆သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ခိုင်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နန်းတော်ရှေ့ဈေး မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် သရုပ်ပြလေ့ကျင့်

**မန္တလေး ဇန်နဝါရီ ၂၈**

ပွင့်လင်းခြောက်သွေ့သော ရာသီအချိန်သို့ ရောက်ရှိလာပြီဖြစ်၍ မီးလောင်မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် မီးသတ်ဦးစီးဌာနမှ မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်၊ ၁၈ လမ်းနှင့် ၁၉ လမ်းကြား၊ ၆၃လမ်းထောင့်ရှိ နန်းတော်ရှေ့ဈေး၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ ဈေးသူ၊ ဈေးသားများ မီးဘေးလုံခြုံရေးအသိ၊ သတိရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲ ကျင်းပခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ကားများဖြင့် သရုပ်ပြလေ့ကျင့်ခြင်း၊ မီးသတ်ဦးစီးဌာနသို့ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်ပါ စီနိုင်းစိုက်ထူခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်မီးသတ်ဦးစီးမှူး လ/ထ ညွှန်ကြားရေးမှူး ဦးကျော်ကိုကို၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနမှူး ဦးသက်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းလင်းထွန်း၊ မြို့နယ်လျှပ်စစ်မှ ဒု/လက်ထောက်ကြီးကြပ်ရေးမှူး ဦးဟိန်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဦးဇော်လင်းဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဈေးတာဝန်ခံ ဦးအောင်သူမြင့်၊ ဒေါနဘွားရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ ဈေးသူ ဈေးသားများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မျိုးထက် ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များ၊ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် သုံးစီး၊ မီးသတ်စက်ယာဉ် တစ်စီး၊ နန်းတော်ရှေ့လူမှုကူညီရေးအသင်းမှ လူနာတင်ယာဉ်တစ်စီး၊ နှလုံးလှလူမှုကူညီရေးအသင်းမှ လူနာတင်ယာဉ်တစ်စီး စုစုပေါင်းအင်အား ၁၀၀ ဖြင့်




နန်းတော်ရှေ့ဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်း၊ မီးခိုးအတွင်းပိတ်မိလူနာများအား ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များမှ ရှာဖွေကယ်ထုတ်ခြင်း လုပ်ငန်းစဉ်များကို လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၂၂

# ရွှေတောင်မြို့နယ်တွင် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

**ရွှေတောင် ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အခြေခံပညာအထက်တန်း (ကြာနီကန်) ကျောင်း၌ ယနေ့ မွန်းလွဲပိုင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာန ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာ ပေးဟောပြောပွဲ ကျင်းပသည်။




အခမ်းအနားတွင် ရွှေတောင်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနေထက်အောင်က သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းနှင့်မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရန်ရှောင်ရန်နှင့် သိကောင်းစရာများကို ရှင်းလင်းဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူလေးများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ပညာရေးမှူးရုံး လက်ထောက်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူလေးများ တက်ရောက်ခဲ့ကြပြီး ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာနမှ ကျောင်းသုံးဗလာစာအုပ်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**

# လင်းခေးခရိုင် ရဲတပ်ဖွဲ့ သွေးလှူဒါန်း

**လင်းခေး ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်ရဲတပ်ဖွဲ့မှ ရဲတပ်သား စုစန္ဒာအောင်သည် ယနေ့နံနက် ၉ နာရီက လင်းခေးမြို့နယ် ပြည်သူ့ဆေးရုံ၌ လိုအပ်လျက်ရှိသည့် လင်းခေးမြို့ ရွာမကြီးအနောက်ရပ်ကွက်နေ ဒေါ်နန်းနောင့်(၅၄) နှစ်အတွက် "အို" (O) သွေး အမျိုးအစားကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **လင်းခေးခရိုင်ရဲတပ်ဖွဲ့**



# ကလောချောင်းတူးဖော်ချဲ့ထွင်ခြင်းလုပ်ငန်းဆောင်ရွက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

**ကလော ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ တိုက်ခတ်ခဲ့သော ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြားပြီး မြေပြိုခြင်း၊ ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပေါ်ခဲ့သည့်အပြင် ကလောမြို့တွင်း ဖြတ်သန်းစီးဆင်းလျက် ရှိသော ကလောချောင်းရေ စီးဆင်းမှုပိတ်ဆို့မှုကြောင့်လည်း ရပ်ကွက်အတွင်းရှိ လူနေအိမ်များသို့ ရေလျှံတက်ခြင်း၊ ရေစီးဖြင့်မျောပါခြင်းများကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါဖြစ်စဉ်များ လာမည့် မိုးရာသီကာလတွင် ဒေသခံပြည်သူများ ထပ်မံဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကလောချောင်းအရှည် ရှစ်မိုင်အား ပြန်လည်တူးဖော်နိုင်ရေးအတွက် ကလောခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့် ဦးဆောင်၍ မူလချောင်းမြေကို ပြန်လည်တိုင်းတာခြင်း၊ ပြန်လည်တူးဖော်ခြင်းများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၈ ရက်အထိ ၈၀ ရာခိုင်နှုန်း တူးဖော်ပြီးစီးခဲ့ပြီး ကျန်ရှိသောနေရာများကို ဆက်လက်တူးဖော်ချဲ့ထွင်သွားမည် ဖြစ်ကြောင်း၊ ကလောချောင်းကို ပြန်လည်တူးဖော်ရာတွင် အချို့နေရာ၌ ကျူးကျော်များ၊ မြေထိန်းနံရံများ၊ သစ်ပင်ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်နေသဖြင့် မူလချောင်း အတိုင်းအတာဖြစ်သော အကျယ်ပေ ၆၀၊ အနက် ၁၀ ပေမှ ၁၅ ပေအထိရရှိအောင် ပြန်လည်တူးဖော်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍လည်း ခရီးသွားများ သဘောကျနှစ်ခြိုက်ရာ ကလောဘူတာဝင်းအတွင်း၌လည်း မြေထိန်းနံရံများ ပြုလုပ်ခြင်း၊ လူသွားလျှောက်လမ်းများ ပြုလုပ်ခြင်း၊ ချယ်ရီ၊ စိန်ပန်းပြာ၊ ထင်းရှူးပင်တို့ကို ကမ်းနားတစ်လျှောက် စိုက်ပျိုးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ပန်းခင်းစီမံချက်(အဆင့်-၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် e-ID စနစ်အတွက် Biometric ကောက်ယူခြင်းများ ပြုလုပ်

**ပဲခူး ဇန်နဝါရီ ၂၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဆောင်သည့်ဝန်ထမ်းများသည် ဇန်နဝါရီ ၂၈ ရက် နံနက်က ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်(အဆင့်–၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် e–ID စနစ်အတွက် Biogeraphic/Biometric ကောက်ယူခြင်းများကို One Stop Service ဖြင့် ကွင်းဆင်းပြုလုပ်ပေးခဲ့သည်။ **(အောက်ပုံ)**

ကွင်းဆင်းပြုလုပ်ပေးရာတွင် ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ အသက်(၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၂၅၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ် နိုင်၃(က)များ ပြုလုပ်ထုတ်ပေးခဲ့သည့်အပြင် e–IDစနစ်အတွက် Biogeraphic/Biometric ကောက်ယူခြင်းများကို One Stop Serviceဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးတင်အေးနှင့် ဝန်ထမ်းများက နေ့ချင်းပြီး ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သက်ထက်**



# လယ်ဝေးမြို့နယ်၌ အသက် ၂၀ အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**လယ်ဝေး ဇန်နဝါရီ ၂၈**

၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဖလား၊ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ အသက် ၂၀ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီက လယ်ဝေးမြို့ မြို့နယ် အားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ လယ်ဝေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရက အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ပြီး ပြိုင်ပွဲအတွက် ဘောလုံးများ ပေးအပ်ရာ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က လက်ခံရယူသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။ ထို့နောက် ပြိုင်ပွဲအုပ်စုပွဲစဉ်အဖြစ် အမှတ်(၅) ရပ်ကွက်အသင်းနှင့် သာဝတ္တိကျေးရွာအုပ်စုအသင်းတို့ စတင်ယှဉ်ပြိုင်ကစားရာ သာဝတ္တိအသင်းက အမှတ်(၅)ရပ်ကွက်အသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **ဝေကြည်(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ခဲသတ္တုများ၊ စက်လှေများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၅ ရက်တွင် ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၇၁၅၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၁၁၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၂၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇာသပြင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ ခြံကြီးစုရပ် သီရိမင်္ဂလာလမ်း အမှတ်(၇၈၉)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၅၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပေါင်မြို့နယ် ဇေတဝန်ရပ်ကွက် သံလွင်တံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda ADV-160 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၅၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လိုက်-ကလေးကားလမ်းအနီး၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၉၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၄၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းမြို့ အုန်းတောကမ်းကျေးရွာအုပ်စု ခိုကျွန်းအနီး၌ တရားမဝင်ခဲသတ္တု(အကြမ်း) ငါးပိဿာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀)နှင့် တရားမဝင် ခဲသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် သစ်သားကိုယ်ထည်စက်လှေ ငါးစင်းနှင့် ဆက်စပ်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၇၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇန်နဝါရီ ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၁၉၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၅၈၂၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မာန်အောင်မြို့နယ် ကျီးချောင်းဝ ဆိပ်ကမ်းအနီး၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် နွားမခြောက်ကောင် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၅ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၅၆၄၀၈၂၄) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

## အမျိုးသမီးများအား တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားရန်စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၂၈**

အမျိုးသမီးများအား တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ် မူဆယ်မြို့ ပန်ခမ်းကျေးရွာနေ ဒေါ်သန်းနုရီ(ခ)ရခိုင်မနှင့် တရုတ်နိုင်ငံ ဟူနန်ပြည်နယ်နေ မမေသဇင်နိုင်(ခ)သဇင်တို့က ရှမ်းပြည်နယ် မူဆယ်မြို့နယ် ကောင်းမူးတုံ ရပ်ကွက်နေ မ------၊ ၃၀/၂၀၂၄ နှစ်နှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းကျေးရွာနေ မ-----၊ ၂၁/၂၀၂၄ နှစ်တို့ နှစ်ဦးအား တရုတ်ယောကျ်ားယူပါက မြန်မာငွေကျပ်သိန်း ၁၀၀/၁၃၀ ရရှိမည်ဟု သွေးဆောင်စည်းရုံး ခေါ်ဆောင်၍ တရုတ်ယောကျ်ားထံပို့ဆောင် ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် မူဆယ်မြို့မ ရဲစခန်း (ပ) ၂၁၉/၂၀၂၄ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုဖွင့် တရားစွဲတင်ခဲ့သည်။

မူဆယ်ခရိုင်တရားရုံးမှ ဇန်နဝါရီ ၂၇ ရက်တွင် တရားခံ ဒေါ်သန်းနုရီ (ခ) ရခိုင်မအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန်နှင့် တိမ်းရှောင်တရားခံ မေသဇင်နိုင်(ခ) သဇင်အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ ထုတ်ဆင့်သည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း တန် ၄၁ ဒသမ ၉၄၀၀ ၊ သစ်မာ ၁ ဒသမ ၇၉၁၃ တန်၊ အခြား ၆၅ ဒသမ ၀၂၀၂ တန် စုစုပေါင်း ၁၀၈ ဒသမ ၇၅၁၅ တန်၊ ယာဉ်/ ယန္တရား ၁၀ စီး၊ တရားခံ ၁၅ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ပြည်မြို့နယ်၌ ခရီးသည်တင်မော်တော်ယာဉ်တစ်စီး ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ ခရီးသည်တင်မော်တော်ယာဉ်တစ်စီး ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၇ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် ပြည်မြို့နယ် ပြည်-ရန်ကုန်ကားလမ်း မိုင်တိုင်အမှတ် ၁၇၇ မိုင် ၇ ဖာလုံအနီး၌ ခရီးသည်တင်မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ ပြည်ခရိုင်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် ၁၄ စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ မိနစ် ၃၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အားစိစစ်ခဲ့ရာ ရန်ကုန်ဘက်မှ ပြည်မြို့ဘက်သို့ ပြည်မြို့ မင်းကြီးရွှေရပ်ကွက်နေ ယာဉ်မောင်း ခန့်ညားအောင်(၂၈)နှစ် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဝေလင်းထွန်း(၂၅)နှစ်နှင့် ခရီးသည် ၁၁ ဦးတို့ လိုက်ပါလာသည့် BGO-7L/xxxx ခရီးသည်တင်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ခန့်ညားအောင်အား ပြည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်တွင် ဇန်နဝါရီ ၂၇ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းမြို့နယ် ညောင်ပင်စဉ်ကျေးရွာ ကံတလူစစ်ဆေးရေးဂိတ်၌ ယာဉ်ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးဘက်မှ မုံရွာမြို့ဘက်သို့ မုံရွာမြို့ သလ္လာရပ်ကွက်နေ ဇော်မျိုးထွန်း(၃၄)နှစ် မောင်းနှင်လာသည့် MDY-17 6P/xxxx Hijet အမျိုးအစား ခဲရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ဇော်မျိုးထွန်းအား ရွာသစ်ကြီးနယ်မြေရဲစခန်းက အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း
ဘေးကင်းရန်ကွာစိတ်ချမ်းသာ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ-၁ နှင့် ၅)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၅

(၁) ဒေါ်လှလှဝင်း နှင့် (၁) ဒေါ်စန်းမြင့်
(၂) ဦးကျော်ကျော်ဦး (၂) မောင်သန့်ဇင်ဦး
**(တရားလိုများ)** **(တရားပြိုင်များ)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ မဇင်း(၁)လမ်း၊ ဒိုဘီတန်းလမ်းသွယ်၊ အမှတ်(၄၆၀)နေ (၂)တရားပြိုင် မောင်သန့်ဇင်ဦး (ဘ) ဦးသန်းကြွယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးသိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပဲခူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ကလျာရည်မွန် ၁၂/ကမရ(နိုင်)၀၅၁၃၆၁၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၃)ရပ်ကွက်၊ ပဒုမ္မာလမ်း၊ ပတ္တမြား(တောင်)၊ အမှတ်-၄၀၇+၄၀၄၊ အမည်ပေါက် ဒေါ်ခင်ကြွယ်ဦး(W/MDY-၂၈၀၃၁၈)၊ (အလျား ပေ၆၀xအနံ ပေ၅၀)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ယခုအပြီးအပိုင်ရောင်းချသူ ဦးဇေယျာသူမှ ၎င်းတစ်ဦးတည်းသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ၎င်းသာလျှင် တရားဝင်လက်ရှိထားပိုင်ဆိုင်ကြောင်း၊ လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အမွေဆိုင် ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ထုတ်ဖော်ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေမှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B) (စဉ်-၁၂၉၈၆/၂၀၁၇) (တရားလွှတ်တော်ရှေ့နေ)**

**ဦးရဲမြင့်အောင်(LL.B) (စဉ်-၄၁၇၀၃/၂၀၁၃)**
**ဒေါ်တင်ဇာမျိုး(LL.B) (စဉ်-၄၅၂၆၅/၂၀၁၄) (အထက်တန်းရှေ့နေများ)**

**အမှတ်-၈၉၉/ပထမထပ်၊ မြင်တော်သာလမ်းမကြီး၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊ ၀၉ ၇၃၁၆၇၈၁၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၇

၁။ ဦးမင်းနိုင် နှင့် ဦးမြသိန်း
၂။ ဒေါ်ချိုချိုသက်
**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉/က)ရပ်ကွက်၊ မာလာမြိုင်(၁)လမ်း၊ အမှတ်-၈၇၀/ခရပ်နေ တရားပြိုင် ဦးမြသိန်း (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမင်းနိုင်နှင့် ဒေါ်ချိုချိုသက်တို့က အိမ်နှင့် မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေစိမ့်စမ်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ဘီးလင်းမြို့နယ်၊ ကျောက်ရေတွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် နှင့်အမည်(၂၈၂^)၊ မာလာဘူးရော်ဘာခြံအရှေ့ကွင်း)၊ ဦးပိုင်အမှတ်(၁/၁၃)၊ မြေမျိုးနှင့်အတန်း (အဆောက်အအုံမြေ)၊ မြေဧရိယာ ၀ ဒသမ ၂၄ ဧကရှိ မြေနေရာအား လူနေထိုင်ရန်အတွက် မြေငှားဂရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်မတိုင်မီ ဘီးလင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ပြည့်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူသို့ မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးအောင်စိုးမိုး ၁၀/ဘလန(နိုင်)၀၇၁၁၃၉**
**ဘိုးရာဇာရပ်ကွက်၊ ဘီးလင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ Star City၊ City Loft၊ တိုက်အမှတ် (CL 1)၊ (၄လွှာ)၊ အခန်းအမှတ်(၄၀၇)၊ အခန်းအမျိုးအစား (Studio)၊ အကျယ်အဝန်းဧရိယာ(၃၁၂)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းတွင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်နှင်းဧကရီ ၈/ပခက(နိုင်)၂၃၅၉၁၇ ထံမှ အပြီးအပြတ်ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်နီလာ ၉/လဝန(နိုင်)၁၂၀၈၂၇ က စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီလာ ဖုန်း-၀၉-၇၉၉၈၅၅၀၁၀**

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေ မြို့နယ်၊ ဗျိုင်း/ရွာမရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ တိုက်အမှတ်(၅/၁၁) ဟုခေါ်တွင်သော (၈)ခန်းတွဲ (၈)ထပ်တိုက်၏ မြေညီထပ်(အီး-၁)၊ အမြင့်(၁၇)ပေ၊ အကျယ်အဝန်း (၁၆ပေx၅၅ပေ)ရှိ ထပ်ခိုးပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း**

အထက်လိပ်စာပါတိုက်ခန်းကို စာချုပ်အမည်ပေါက် ဖခင်ကြီး (ဦးကြည်ဝင်း) ၁၂/ရကန(နိုင်)၀၆၆၅၉၁ ကွယ်လွန်ပြီးနောက် တစ်ဦးတည်းသော သမီးဖြစ်ပြီး လက်ရှိ လက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်စမ်းစမ်းအေး ၁၂/ရကန(နိုင်)၀၅၁၀၆၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ လယ်ယာရှေ့မြေလမ်း၊ တိုက်အမှတ်(၄၅)ဟု ခေါ်တွင်သော ကွန်ဒိုအဆောက်အအုံကြီး၏ Room Type(B)၊ အခန်းအမှတ်(၆၀၂)၊ ၅-လွှာ၊ အကျယ်အဝန်း(၉၈၉) စတုရန်းပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ တိုက်အမှတ်(က/၇)ဟု ခေါ်တွင် သည့် ၂ ခန်းတွဲ ၆ ထပ်တိုက်၏ ပဉ္စမထပ်(၆) လွှာ(ခေါင်းရင်းဘက်အခန်း)၊ အကျယ်(၁၂'၅" x၅၀')ရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထား ပိုင်ဆိုင်၍ လွှဲပြောင်းရောင်း ချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသူ ဒေါ်သဉ္ဇာဇင်ယော်(၁၂/အစန(နိုင်) ၁၆၈၅၅၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နော်အယ်ရီး(၁၄/မမန(နိုင်) ၂၃၃၀၀၁) သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်၍ မည်သူမဆို တိုက်ခန်း အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ ဦးမျိုးသန့်(LL.B) (C.B.L)**
**အထက်တန်းရှေ့နေ (စဉ် - ၄၅၇၀၅)**
**အမှတ် ၉၁၆/ခ၊ မာဃ ၁၂ လမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၁၉၇၁၀၆၄**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်း မြို့နယ်၊ ဒေါင်းမြတ်နားအုပ်စု၊ ရုံးပုကျေးရွာနေ မောင်ဇွဲဘုန်းသန့် Grade-(4)၊ (Shine Star ) ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသူ၏ ဖခင်မည် မှန်မှာ ဦးဝေဖြိုးအောင် ဖြစ်ပါ ကြောင်း။ **ဦးဝေဖြိုးအောင်**

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးဇော်လွင်ဦး-(မိ)ဒေါ်မြင့် မြင့်ခိုင်တို့၏သား တောင်ဥက္ကလာပ မြို့နယ်၊ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း Grade(11) တွင် ပညာသင်ကြားနေသူ မောင်ငြိမ်း စည်သူ ၁၄/ကခန(နိုင်) ၁၃၄၃၂၈၏ မွေးသက္ကရာဇ်အမှန်သည် (၂၈-၆-၂၀၀၇)ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာ

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဖြိုးဝေစိုး(ဘ)ဦးစိုးညွှန့် (၁၂/လမန(နိုင်)၀၃၄၂၆၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန် (၄)လမ်း၊ တိုက်အမှတ်-၉၊ အခန်းအမှတ်- B-1 ဟုခေါ်တွင်သော တိုက်ခန်း(၁)ခန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၇)ရပ်ကွက်၊ အပိုင်း(၁)လမ်း၊ အမှတ် (၁၃၇/က)၊ (၂၀x ၆၀)ပေ မြေကွက်၊ ( ၂၀၀၂ မော်ဒယ်) Toyota Crown အမျိုးအစား၊ ယာဉ်အမှတ် 6F-5715၊ အဖြူရောင် မော်တော်ယာဉ်တစ်စီးတို့မှာ ကျွန်ုပ်မိတ်ဆွေနှင့်ဇနီးဖြစ်သူ ဒေါ်နီလာဝင်း (၁၄/လမန(နိုင်)၀၆၉၉၀၈)တို့၏ လင်မယားနှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းများဖြစ်ပါသည်။

အဆိုပါ လက်ထက်ပွားပစ္စည်းများအား ကျွန်ုပ်မိတ်ဆွေမှ လွှဲပြောင်း ရောင်းချရန်၊ စီမံခန့်ခွဲရန်၊ ငှားရမ်းလက်ဝယ်ထားရန် အခြားသူအမည်ပေါက် အဖြစ် တစ်နည်းနည်းဖြင့် လွှဲပြောင်းဆောင်ရွက်စေရန် ၎င်း၏ဇနီးအပါအဝင် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲအပ်ညွှန်ကြားစေခိုင်းထားခြင်းမရှိ ပါ။ ထို့ကြောင့် အထက်ပါလက်ထက်ပွားပစ္စည်းများအား ကျွန်ုပ်မိတ်ဆွေ၏ သိရှိသဘောတူညီခွင့်ပြုချက်ရရှိခြင်းမရှိဘဲ ရောင်းဝယ်ခြင်း၊ တစ်နည်းနည်း ဖြင့် အခြားသူ လက်ဝယ်သို့ စီမံခန့်ခွဲစေခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ရန် နှင့် အကယ်၍ပြုလုပ်ခဲ့ပါက ကျွန်ုပ်မိတ်ဆွေသဘောတူ ခွင့်ပြုချက်မပါရှိသည့် အဆိုပါလွှဲပြောင်းရောင်းဝယ်မှု၊ စီမံခန့်ခွဲမှုများသည် အတည်မဖြစ်သည့် တရားမဝင် လွှဲပြောင်းရောင်းဝယ်ခြင်း/စီမံခန့်ခွဲခြင်းသာဖြစ်ပြီး နှစ်ဦးပိုင်လက်ထက်ပွား ပစ္စည်းများအား လက်ဝယ်လွှဲပြောင်းလက်ခံသူများနှင့် ကျွန်ုပ်မိတ်ဆွေ၏ အခွင့် အရေးအား ထိပါးနစ်နာစေသူများအပေါ် ကျွန်ုပ်မိတ်ဆွေမှ ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုမာကျင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၉၉)**
**အမှတ် ၁၅၇/က၊ ခ (၆)လမ်း၊ မြို့သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၁၁၈၀၈၅**

## ဖခင်အမည်မှန်

မကွေးမြို့၊ ဥယျာဉ်မှူးကိုယ်ပိုင် အလယ်တန်းကျောင်း၊ Grade-8 မှ မသွန်းရတီဖြိုး၏ ဖခင် ဦးသန့်ဇင် ဖြိုး၏ အမည်မှန်မှာ အိမ်ထောင်စု ဇယားနှင့် မှတ်ပုံတင်စာရင်းအရ ဦးသန့်ဇင်တိုး (၈/မကန(နိုင်) ၂၀၀၇၁၃) ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်တိုး**

## အမည်ပြောင်း

ရမည်းသင်းမြို့၊ အုန်းပင် ရပ်ကွက်နေ ဦးအေးကျော် ၅/ ဆလက (နိုင်)၀၅၂၂၅၃ ၏ သား ဟိန်းကိုယ်ပိုင်အထက်တန်း ကျောင်း G-1တွင် ပညာသင်ကြား နေသော မောင်ဟိန်းလပြည့်အား မောင်ဟိန်းသုသန့် ဟု ပြောင်းလဲ ခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည် RA III/ကွက်ပြင် ၃၊ ဦးပိုင်အမှတ် -၁၀၁- က၊ ဧရိယာ ၀ဒသမ၄၆ ဧကရှိ မြေကွက်အား မြေငှားဂရန် သက်တမ်းတိုးရရှိရန် အတွက် ဒေါ်ကြင်ဗွမ် ၉/မမန(နိုင်) ၀၄၃၃၂၀က လျှောက်ထားဆောင်ရွက်သွား မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေ ထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅) ဧကရှိ မြေကွက်အမှတ်(ပ-၃၃၀၅၀)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးစိုးမင်း ၁၂/တတန(နိုင်)၁၁၅၅၄၅(ဘ)ဦးစံမောင်မှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရဲစခန်း ထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ တရားရုံးအမိန့်ဒီဂရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍(၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်) မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၄၁၊ မြတ်လေးလေးလမ်း၊ မြေကွက်အမှတ်-၁၃၅၆၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၂၀ပေx၆၀ပေ) (ခေါင်းရင်းခြမ်း)၊ ဦးခင်အောင် (HZA- 036515) အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးခင်အောင်နှင့် ၎င်း၏ဇနီး ဒေါ်ကြည်မြင့်တို့ ကွယ်လွန်ခဲ့ပြီးဖြစ်၍ ယခုရောင်းချသူ ၎င်းတို့(၂)ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာ သူများဖြစ်သော ဒေါ်နွဲ့နွဲ့ဝင်းအောင် (၁၂/ဗဟန(နိုင်) ၀၀၆၄၄၃)နှင့် ဒေါ်မြမြ ဝင်းအောင် (၁၂/ဗဟန(နိုင်)၀၀၀၇၅၂)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထား မူရင်းများ ဖြင့်လူကိုယ်တိုင်ယနေ့မှစ၍(၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B)** | **ဒေါ်မိုးမီမီခိုင် (LL.B)** |
| **(စဉ် - ၅၃၃၆၉)** | **(စဉ် - ၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် - ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း) ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၀၂၈၁၀၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ရွှေအောင်ရွှေး(၁)လမ်း၊ အမှတ်(ခ/၂၄၂၂)နေ ဒေါ်လဲ့လဲ့မြင့် ၇/ ပခန(နိုင်)၃၀၆၄၄၆၏သမီး မမင်းသီရိခေတ်(၇/ပခန(နိုင်) ၅၁၄၂၇၃)(ဘ)ဦးကျော်သူသည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲစေသော ကိစ္စရပ်များအကြိမ်အခါခါ ပြုလုပ်ပြီး နေအိမ်မှ၎င်း၏သဘောဆန္ဒ အလျောက်ထွက်သွား ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါ ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်လဲ့လဲ့မြင့်**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ(၂၂)လမ်း၊ အမှတ်(၁၇၆/က) မြေကွက် ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတွဲ (၆)ထပ် အာရ်စီအဆောက်အအုံ၏ ပဉ္စမထပ်၊ (၆)လွှာ၊ တိုက်ခန်းအကျယ်အဝန်း (၁၈ပေx၅၄ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ကိုယ်ပိုင်ရေမော်တာ၊ လျှပ်စစ်မီတာ၊ လူနေထိုင်ခွင့် အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာ ဦးမျိုးမင်းမင်းဦး (၃/ဘအန(နိုင်)၁၉၉၅၀၇) Super Hero Yangon Construction မှ ဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ က ကြိုပွိုင့်စနစ်ဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ ကြိုပွိုင့် စနစ်ဖြင့် တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခိုင်မေလှိုင်(စဉ်-၇၉၁၆/၂၀-၁၂-၂၀၁၁) LL.B, D.B.L, Dip in English တရားလွှတ်တော်ရှေ့နေ**
**တိုက်(၁၀/၁၂)၊အခန်း(၁၀၄/ဒီ)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၀၈၃၈၀၅၊ ၀၉-၇၉၉၆၁၈၄၇၂**

# အသိပေးအကြောင်းကြားခြင်း

ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ ချေးငွေရယူခဲ့ကြသည့် အောက်ဖော်ပြပါကုမ္ပဏီများနှင့် တာဝန်ခံလူကြီးမင်းများအား သိစေအပ်ပါသည်-

လူကြီးမင်းတို့သည် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ နေပြည်တော်ဘဏ်ခွဲမှ လူကြီးမင်းတို့ရယူခဲ့သည့် ဆောက်လုပ်ရေးတင်ဒါလုပ်ငန်းချေးငွေများ၏ အရင်း၊ အတိုးများပေးသွင်းရန် အကြိမ်ကြိမ် ပျက်ကွက်လျက်ရှိသည့်အပြင် ဘဏ်သို့ လာရောက်၍ ဆက်သွယ်ညှိနှိုင်းခြင်းများလည်းမ ရှိခဲ့ပါ။

သို့ဖြစ်ပါ၍ လူကြီးမင်းတို့အနေဖြင့် ဘဏ်သို့ပေးဆပ်ရမည့် တင်ဒါချေးငွေ အရင်း၊ အတိုးများကို ဤသတင်းစာပါသည့်ရက်မှ ရက်သတ္တပတ်(၂)ပတ်အတွင်း အပြေအကျေ ပြန်လည်ပေးဆပ်ရန်နှင့် သတ်မှတ်ကာလအတွင်း ပေးဆပ်ရန်ပျက်ကွက်ခဲ့ပါက ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

| စဉ် | ကုမ္ပဏီအမည်<br>လူပုဂ္ဂိုလ်အမည် | ကုမ္ပဏီမှတ်ပုံတင်အမှတ်<br>လူမှတ်ပုံတင်အမှတ် | လုပ်ငန်းလိပ်စာ | ချေးငွေ<br>အရင်း+အတိုး<br>(စုစုပေါင်း)<br>(ကျပ်သန်း) |
|---|---|---|---|---|
| ၁ | အင်ကြင်းသွေးကုမ္ပဏီ<br>ဦးကျော်မြင့်လင်း(MD)<br>ဦးအောင်ရဲသွေး | ၄၇၄၉(၂၀၁၃-၂၀၁၄)<br>၅/မရန(နိုင်)၀၂၀၁၁၈<br>၅/မရန(နိုင်)၂၁၀၀၃၂ | အမှတ်(၆/၂၉၈)၊ ကျောက္ကာလမ်း၊<br>နန္ဒာဝန်ရပ်ကွက်၊ မုံရွာမြို့ | ၃၀.၀၅ |
| ၂ | ရွှေကုလားတန်မြေကုမ္ပဏီ<br>ဦးအောင်ညွှန့်လှိုင်(MD)<br>ဦးမြင့်သန်းနိုင် | ၁၀၈၀၁၅၂၂၅<br>၄/ပလဝ(နိုင်)၀၂၀၅၉၇<br>၄/ပလဝ(နိုင်)၀၂၉၀၉၂ | ရွာမရပ်ကွက်၊ ပလက်ဝမြို့၊<br>ချင်းပြည်နယ် | ၁၂၅.၄၄ |
| ၃ | Andrew Chin Family Co.,Ltd<br>ဦးအောင်ရွှေ(MD)<br>ဦးအိန္ဒြေချင်း | ၁၀၃၀၄၂၅၂၆<br>၄/ပလဝ(နိုင်)၀၂၈၀၈၈<br>၄/ပလဝ(နိုင်)၀၃၀၉၆၅ | အိမ်အမှတ်(၂၅၇)၊အမှတ်(၂)ရပ်ကွက်၊<br>ဆမီးမြို့၊ ချင်းပြည်နယ် | ၁၅.၀၀ |
| ၄ | TPCT Co.,Ltd<br>ဦးထန်ခန့်ထွန်း(MD)<br>ဦးစုမ်းဖန်းပြောင် | ၁၀၃၇၉၅၃၇၀<br>၄/တတန(နိုင်)၀၁၄၉၀၈<br>၄/တတန(နိုင်)၀၄၉၆၀၀ | ဆန်းလန့်ကျေးရွာ၊ တီးတိန်မြို့၊<br>ချင်းပြည်နယ် | ၂၈၆.၇၅ |
| ၅ | Rhema Foundation Co;Ltd<br>ဦးဒိုကျင်ထန်(MD)<br>ဦးဒါလ်လဲမ်ရှမ်း | ၁၀၇၉၇၀၅၄၁<br>၅/ကလထ(နိုင်)၀၂၈၅၀၈<br>၅/ကလထ(နိုင်)၁၅၃၃၁၈ | အမှတ်(၈၉/၇)၊ အနော်ရထာလမ်း၊<br>တပ်ဦးသီတာ၊ ကလေးမြို့ | ၄၈.၈၃ |
| ၆ | Ai Aung Kol Linn Co;Ltd<br>ဦးခင်အောင်(MD)<br>ဒေါ်ကိုးဆွေ | ၂၇၆၁(၂၀၁၃-၂၀၁၄)<br>၄/ပလဝ(နိုင်)၀၃၀၅၆၂<br>၄/ပလဝ(နိုင်)၀၃၃၁၇၁ | အမှတ်(၇/၉)၁၈၃၊ အနော်ရထာလမ်း၊<br>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | ၂၇.၂၄ |
| ၇ | Myanmar Amazing Power Co.,Ltd<br>ဦးဟိန်းဇော်ထက်(MD)<br>ဦးဝေယံစိုး | ၁၀၇၆၈၂၃၀၉<br>၁/ဗမန(နိုင်)၀၄၈၉၄၇<br>၁၂/မရက(နိုင်)၁၁၀၆၇၈ | အမှတ်(၅၉-က)အောင်ချမ်းသာ<br>(၂)လမ်း၊ကမာရွတ်မြို့နယ်၊<br>ရန်ကုန်မြို့ | ၇၄.၃၂ |
| ၈ | ကီမိုကုမ္ပဏီ<br>ဦးအောင်ညွှန့်လှိုင်(MD)<br>ဦးလှသိန်း | ၁၀၇၈၇၅၈၀၈<br>၄/ပလဝ(နိုင်)၀၂၀၅၉၇<br>၄/ပလဝ(နိုင်)၀၂၇၄၀၇ | ရွာမရပ်ကွက်၊ ပလက်ဝမြို့၊<br>ချင်းပြည်နယ် | ၃၅၄.၀၂ |
| ၉ | ရွှေခင်းလမ်းကုမ္ပဏီ<br>ဒေါ်အိနန္ဒာကျော်(MD)<br>ဦးမြတ်သူ | ၅၁၈၅(၂၀၁၄-၂၀၁၅)<br>၁၂/အစန(နိုင်)၁၆၂၅၂၆<br>၆/မအရ(နိုင်)၀၈၃၇၃၁ | အမှတ်(၅၄)၊စိမ်းလဲ့သာယာလမ်း၊<br>ဒဂုံမြို့သစ်မြောက်ပိုင်း၊ရန်ကုန်မြို့ | ၉၃.၆၅ |
| ၁၀ | ပိုင်ဟိန်းခန့်ကုမ္ပဏီ<br>ဦးသူရ(MD)<br>ဒေါ်မွန်မွန်သူ | ၁၁၉၇၂၈၄၆၀<br>၈/မထန(နိုင်)၀၈၀၇၈၁<br>၈/မထန(နိုင်)၀၈၀၈၂၁ | အမှတ်(၁/၁၀၉၈)၊ပျူစောထီးလမ်း၊<br>ရပ်ကွက်(၁)၊လောက်ကိုင်မြို့ | ၇၅.၇၂ |
| ၁၁ | မဟူရာမြေကုမ္ပဏီ<br>ဒေါ်နန္ဒာအောင်လှ(MD)<br>ဦးဇော်ရဲမောင် | ၁၀၄၃၁၀၂၈၁<br>၁၃/လရန(နိုင်)၁၃၅၉၁၈<br>၁၃/လရန(နိုင်)၁၃၀၇၅၇ | အမှတ်(၂၅၀)၊ အေးချမ်းသာယာ၊<br>နယ်မြေ(၈)၊ ရပ်ကွက်(၁)၊<br>လားရှိုးမြို့ | ၃၀.၂၇ |
| ၁၂ | ACM Co;Ltd<br>ဦးဇော်ရဲမောင်(MD)<br>ဒေါ်နန္ဒာအောင်လှ | ၁၀၄၆၃၈၈၁၃<br>၁၃/လရန(နိုင်)၁၃၀၇၅၇<br>၁၃/လရန(နိုင်)၁၃၅၉၁၈ | အမှတ်(၃၄၇)၊ အေးချမ်းသာယာ၊<br>လမ်းသွယ်(၅)၊ နယ်မြေ(၇)၊<br>ရပ်ကွက်(၁)၊ လားရှိုးမြို့ | ၉၆.၈ |
| ၁၃ | ကားလ်တောင်တန်းကုမ္ပဏီ<br>ဦးအောင်သန်း(MD)<br>ဦးအေးလွင် | ၁၀၃၄၂၆၉၂၈<br>၄/ပလဝ(နိုင်)၀၂၁၁၉၇<br>၄/ပလဝ(နိုင်)၀၂၇၂၇၉ | အမှတ်(၁၆)၊ချယ်ရီလမ်း၊<br>မြို့မရပ်ကွက်၊ ပလက်ဝမြို့နယ်၊<br>ချင်းပြည်နယ် | ၂၆.၆၅ |
| ၁၄ | ငွေနန်းထိုက်စံကုမ္ပဏီ<br>ဦးနန်းဆိုက်(MD) | ၁၂၂၄၈၆၆၅၆<br>၄/ပလဝ(နိုင်)၀၂၅၂၁၁ | မြို့မ(မြေနီကုန်း)ရပ်ကွက်၊ပလက်ဝမြို့၊<br>ချင်းပြည်နယ် | ၃၀.၆၉ |
| ၁၅ | သုဝဏ္ဏဒေဝီကုမ္ပဏီ<br>ဒေါ်အိအိခတ်(MD)<br>ဦးမင်းထက်အောင် | ၁၀၇၉၇၅၀၆၃<br>၁၀/မဒန(နိုင်)၀၁၂၁၄၄<br>၁၂/စခန(နိုင်)၀၆၈၃၄၀ | ၁၀၁/၃လမ်း၊ ဟုမ်းလမ်းရပ်ကွက်၊<br>စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ | ၂၀.၁၃ |
| ၁၆ | ရွှေဆမီးမဏ္ဍိုင်ကုမ္ပဏီ<br>ဦးတင်ထွန်း(MD)<br>ဦးမြင့်သန်းနိုင် | ၁၀၆၉၇၄၅၃၅<br>၄/ပလဝ(နိုင်)၀၁၇၅၉၅<br>၄/ပလဝ(နိုင်)၀၂၉၀၉၂ | အမှတ်(၁)ရပ်ကွက်၊ ဆမီးမြို့၊<br>ပလက်ဝမြို့နယ်၊ချင်းပြည်နယ် | ၇၅.၇၁ |
| ၁၇ | Sol Co;Ltd<br>ဦးဝေမင်းဦး(MD)<br>ဦးစည်သူအောင် | ၁၂၀၆(၂၀၁၂-၂၀၁၃)<br>၁၂/မဂဒ(နိုင်)၁၃၀၃၄၄<br>၇/ရတရ(နိုင်)၁၀၀၀၆၂ | အမှတ်(၄/၁၁၉)၊အနန္တသူရိယလမ်း၊<br>စော်ဘွားကြီးကုန်း၊အင်းစိန်မြို့နယ်၊<br>ရန်ကုန်မြို့ | ၄၀.၉၉ |
| ၁၈ | WOW Co.,Ltd<br>ဦးအောင်ပေါ်(MD)<br>ဒေါ်လှဲ့လှဲ့အောင် | ၁၀၇၆၉၀၂၆၃<br>၇/ရတရ(နိုင်)၀၀၅၂၉<br>၇/ရတရ(နိုင်)၀၇၁၂၁၇ | အမှတ်(၆၃)၊ ပထမထပ်၊မင်္ဂလာလမ်း၊<br>စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ | ၁၂၀.၂၁ |
| ၁၉ | ပုညမြေကုမ္ပဏီ<br>ဦးစည်သူအောင်(MD)<br>ဒေါ်သန္တာစိုး | ၁၀၇၃၅၀၈၅၃<br>၇/ရတရ(နိုင်)၁၀၀၀၀၆၂<br>၆/မမန(နိုင်)၁၄၄၈၄၃ | အမှတ်(၆၃)၊ ပထမထပ်၊မင်္ဂလာလမ်း၊<br>စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ | ၁၂၀.၈၄ |
| ၂၀ | Chin Ahlah Co.,Ltd<br>ဦးမင်းကျော်နိုင်(MD)<br>ဦးအောင်မျိုးထွန်း | ၁၀၆၂၃၂၅၄၇<br>၄/ဖလန(နိုင်)၀၂၈၄၈၇<br>၄/ဟခန(နိုင်)၀၀၁၁၃၉ | ၂၂လမ်း၊၈၆x၈၇ကြား၊ မန္တလေးမြို့<br>Shine Star အိမ်ဆောက်ပစ္စည်းဆိုင် | ၃၀၀.၇၂ |
| ၂၁ | My Star Co.,Ltd<br>ဒေါ်ဟန်နီဝင်း(MD)<br>ဦးကျော်သူထိုက် | ၁၀၇၂၈၅၅၂၀<br>၉/ခအဇ(နိုင်)၀၃၅၅၄၅<br>၁၂/ဒဂန(နိုင်)၀၀၀၈၆၆ | ၂၂လမ်း၊ ၈၆x၈၇ကြား၊<br>မန္တလေးမြို့ Shine Star<br>အိမ်ဆောက်ပစ္စည်းဆိုင် | ၁၂၂.၄၅ |
| ၂၂ | Asia Goldren Bridge<br>ဦးအောင်ကျော်ဇော(MD)<br>ဦးအောင်မျိုးထွန်း | ၁၀၃၃၆၁၄၇၈<br>၁၃/နခတ(နိုင်)၀၀၁၃၆၄<br>၄/ဟခန(နိုင်)၀၀၁၁၃၉ | ၂၂လမ်း၊ ၈၆x၈၇ကြား၊<br>မန္တလေးမြို့ Shine Star<br>အိမ်ဆောက်ပစ္စည်းဆိုင် | ၁၀၂.၈၁ |
| ၂၃ | Royal Shine Star Co.,Ltd<br>ဦးအောင်မျိုးထွန်း(MD)<br>ဦးအောင်ကျော်ဇော | ၁၀၁၇၄၉၃၆၃<br>၄/ဟခန(နိုင်)၀၀၁၁၃၉<br>၁၃/နခတ(နိုင်)၀၀၁၃၆၄ | ၂၂လမ်း၊ ၈၆x၈၇ကြား၊<br>မန္တလေးမြို့၊ Shine Star<br>အိမ်ဆောက်ပစ္စည်းဆိုင် | ၁၂၂.၉၂ |
| ၂၄ | ဦးတင်မောင်စိုး | ၁၄/ပတန(နိုင်)၁၀၇၉၄၉ | သရက်ငူကျေးရွာ၊ မရမ်းကျေးရွာအုပ်စု၊<br>ပန်းတနော်မြို့နယ်၊<br>ဧရာဝတီတိုင်း ဒေသကြီး | ၄၅.၆၅ |

**ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိ တောင်ရပ်၊ မြေကွက်အမှတ်(ဒ-၃၁၉၃၈)၊ ဧရိယာ ၀ ဒသမ ၁၄၈ ဧကရှိ ဦးဇေဖြိုးအောင် (ဘ) ဦးသိန်းဌေး ၉/ပမန(နိုင်)၁၇၉၀၂၆ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးဇေဖြိုးအောင်မှ ဒေါ်နီလာဝင်း (ဘ) ဦးတင်မောင်ဝင်း ၁၂/ရကန(နိုင်)၀၄၇၀၄၈ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၁၅/ထန်းတပင်ရပ်၊ မြေကွက်အမှတ်(ဒ-၆၀၂၂)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်ဒေါ်ငင်စေး(ဘ) ဦးဂျုံးဒေါင် ၁/မညန(နိုင်)၁၁၆၀၇၈ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဒေါ်ငင်စေး မှ ဒေါ်နန်းစန္ဒီလင်းထွန်း (ဘ) ဦးဇော်လင်းထွန်း ၇/ထတပ(နိုင်)၀၇၅၉၈၂ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် HH/1894 Toyota Corolla Filder NZE 121 S/W(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းနိုင် ၁၂/ကတတ(နိုင်)၀၀၁၉၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/85244 Suzuki Smash 112 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးထက်လှိုင် ၈/အလန(နိုင်)၁၆၂၇၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကျော်ထွန်း ၅/မမတ(နိုင်)၀၄၈၄၁၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်မိတ်ဆွေသည် facebook လူမှုကွန်ရက်မီဒီယာကို ၂၀၀၉ ခုနှစ်က စတင်အသုံးပြုခဲ့ပြီး Aung Kyaw Htun အမည်ဖြင့် Profile Link www.facebook.com/AungKyawHtun46 ဟူသော အကောင့်တစ်ခုတည်းသာ အသုံးပြုပြီး အခြားအကောင့်မရှိ၊ အကောင့်ခွဲများ(လုံးဝ)မရှိ အသုံးမပြုခဲ့ကြောင်း၊ ထို့အတူ Tiktok လူမှုကွန်ရက်ကိုလည်း (လုံးဝ)အသုံးမပြုခဲ့ကြောင်း မိမိ၏ Fb အကောင့်မှတစ်ဆင့် Pinpost လုပ်ပြီး အကြိမ်ကြိမ်အသိပေး သတိပေးခဲ့ကြောင်း သိရှိရပါသည်။

၂။ သို့ပါလျက် online မီဒီယာသုံးစွဲသူအချို့က ကျွန်ုပ်မိတ်ဆွေ၏ ဓာတ်ပုံများကို ရယူကာ ကျွန်ုပ်မိတ်ဆွေအမည်ဖြင့် fb အကောင့်တု Tiktok အကောင့်တုများကို ဖန်တီးလျက် ၎င်းတို့၏ Tiktok အကောင့်စစ်များဖြင့် ချိတ်ဆက်ပြီး ကျွန်ုပ်မိတ်ဆွေအား အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် တုပဟန်ဆောင် အသရေဖျက် သုံးစွဲနေကြကြောင်း၊ ကျွန်ုပ်မိတ်ဆွေ၏ အမည်ကောင်း သတင်းဂုဏ်သိက္ခာနှင့် လူမှုဘဝကိုသာမက တာဝန်ထမ်းဆောင်နေသော ရုံးဌာနအဖွဲ့အစည်းများကိုပါ ထိခိုက်နစ်နာစေရန် အသုံးချဆောင်ရွက်နေကြကြောင်း၊ အထောက်အထားများအရ သိရှိရပါသည်။

၃။ သို့ပါ၍ အထက်အပိုဒ်(၁)ဖော်ပြပါ အကောင့်တစ်ခုမှလွဲ၍ ကျန်အကောင့်များအားလုံးသည် ကျွန်ုပ်မိတ်ဆွေ၏ အကောင့်များမဟုတ်ပါကြောင်း။ ကျွန်ုပ်မိတ်ဆွေနှင့် ပတ်သက်သက်ဆိုင်မှုမရှိပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ အမည်၊ ရုပ်ပုံ၊ ဓာတ်ပုံများကို အသုံးချကာ တုပဟန်ဆောင်နေကြသောfb အကောင့်တု၊ Tiktok အကောင့်တုများနှင့် ၎င်းအကောင့်တုများကို အသုံးချလျက် အကျိုးအမြတ်ရှာနေကြသော Tiktok အကောင့်အစစ်ပိုင်ရှင်များအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မိမိတို့အကောင့် စာမျက်နှာအသီးသီးတွင် ကျွန်ုပ်မိတ်ဆွေအား တောင်းပန်ဖြေရှင်းစာကို (၅)ရက်တိတိ pinpost ဖော်ပြလျက် အဆိုပါ အကောင့်များအားလုံးကို ရပ်တန့်ဖျက်သိမ်းပါရန်နှင့် လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာအေး (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်-၁၀၄၊ ပထမထပ်၊ ၃၉ လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၇၀၁၂၈**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ဝဲဒေါင့်အုပ်စု၊ ကုန်းကြီးရွာနေ ဦးဇော်သန်းမင်း ၇/အတန(နိုင်)၁၁၃၀၀၇ နှင့် ဒေါ်ဇူးဇူးထွန်း(ခ)ဂျူဂျူး ၇/တငန(နိုင်)၂၄၇၇၁၇ တို့သည် (၂၀၁၇) ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ကြပြီး ယခုအခါ စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့သည့်အတွက် ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိတော့သဖြင့် နှစ်ဖက်လူကြီးများ ရှေ့မှောက်၌ ၂၅-၁-၂၀၂၅ ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်သန်းမင်း-ဒေါ်ဇူးဇူးထွန်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/2546 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၀၄၂၇/ဒ-၃၀၄၂၈)၊ ဧရိယာ ၀ ဒသမ ၂၉၃ ဧကရှိ Original Group Co.,Ltd အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို Original Group Co.,Ltd မှ ဦးရန်ဝေ (ဘ) ဦးလီခေတ် ၁၃/လရန(နိုင်)၁၀၇၉၃၄ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကွင်းအမှတ်(၄၄)၊ ဦးပိုင်အမှတ်(၅၂)၊ မြေအကျယ်ဧရိယာ ၀ ဒသမ ၆၇၇ ဧကရှိ ဦးရွှေဝါ အမည်ပေါက်မြေကွက်ကြီးထဲမှ ခန်းမှန်းမျက်နှာ ၀ အလျား(၈၁/၆၆)ပေ၊ အနံ (၁၁၂/၇၅)ပေရှိ မြေကွက်သည်အမှတ်(၁၀/က)၊ပြည်တော်သာလမ်း၊(ဃ)ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်ဟု ခေါ်တွင်သော မြေဧရိယာထဲမှ ခွဲစိပ်၍ (အလျား ၂၀၊ အနံ ၁၀၀)ပေရှိ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမိစိုး ၁၀/မလမ(နိုင်)၂၈၀၉၈၄ မှ ငွေအပြေအကျေပေးချေ၍ ဝယ်ယူပြီးစီးကြောင်းနှင့် အထက်ပါမြေအား လက်ထိလက်ရောက် ရယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးအောင်ကျော်ဦး (LL.B) DL-101 WIPO (Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၀၇၀)**
**အမှတ်(၇၉)၊ နတ်စင်လမ်း၊ (က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၁၅၆၆၉၂၆၊ ၀၉-၆၉၉၁၅၆၂၆၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/61103 Canda 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရအောင် ၁၄/ရကန(နိုင်)၁၄၃၈၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၄၈၃၇၃ Honda Wave NF 125 PS ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်စိန် ၁၀/သထန(နိုင်)၁၂၆၁၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၁၇၃၀၀ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်သူ ၁၀/မလမ(နိုင်)၂၄၇၁၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၇၁၂၅၀ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်သူ ၁၀/မလမ(နိုင်)၂၄၇၁၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၇၄၀၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဦး ၁၀/မဒန(နိုင်)၁၀၂၀၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၁၅၅၃၀ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်)၂၉၉၆၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

ကျေးဇူးရှင် ဖေဖေ၊ မေမေ
တို့အတွက်
နှစ် (၇၀) ပြည့် မင်္ဂလာနှစ်ပတ်လည်
(PLATINUM JUBILEE)
မင်္ဂလာဆုတောင်း

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁၀)ရက်နေ့တွင် ကျရောက်သော
ကျေးဇူးရှင် ဖေဖေ ဒေါက်တာလှမောင်(သံအမတ်ကြီး-ငြိမ်း)+ မေမေ ဒေါ်စင်မြင့်ရီ တို့၏

နှစ် (၇၀)ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်ရှေ့ဆက်လျှောက်လှမ်းရမည့် နေ့ရက်အချိန်ကာလများတွင် ဖေဖေ၊ မေမေတို့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ ချမ်းသာခြင်းသုခအဖြာဖြာတို့ဖြင့် ပြည့်စုံစေပြီး၊ ရတုအဆက်ဆက် နောင်နှစ်များစွာတိုင် တူလက်တွဲပြီး လူမှုရေး၊ ဘာသာရေး၊ Charity and Volunteers အကျိုးပြုလုပ်ငန်းများကို ပေး၍မကုန် လှူ၍မခန်း ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း နှင့် လာမည့် (၇၅)နှစ်ပြည့် "ဒုတိယစိန်ရတု" (Diamond Jubilee)မှာလည်း ကျန်းကျန်းမာမာဖြင့် သား၊ သမီး၊ မြေး၊ မြစ်၊ ဆွေမျိုး၊ မိတ်သင်္ဂဟများနှင့်အတူ အစဉ်ထာဝရ ရွှင်လန်းချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ကြပါစေကြောင်း သား၊ သမီး၊ မြေး၊ မြစ်များမှ နက်ရှိုင်းသော ချစ်ခြင်းမေတ္တာတို့ဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| သား / သမီးများ | မြေးများ | မြစ်များ |
| --- | --- | --- |
| ဒေါ်ခင်မာနွယ်+(ဦးခင်မောင်အေး) | ဒေါက်တာအောင်နိုင်ထူး+Dr. Teng Mun Wy | မောင်ထွဋ်ဦးမင်း |
| ဒေါ်ခင်မာသွယ်+ဦးတင်ဝင်းဦး | မအိရွှေစင်+ဒေါက်တာအေးမင်းထွန်း | မအိမ့်ခင်မင်း |
| ဒေါက်တာစိုးလှအောင် | ဒေါက်တာအေးချမ်းသူ | Charlotte |
| ဒေါက်တာသန်းလှအောင်+ဒေါက်တာသွယ်ဦး | မမြင့်သင်္ဂီဝင်း+ကိုဇာနည်ထက် | မောင်ထက်မြတ်ရှိန်း |
| မောင်သန်းဇော်+ဒေါက်တာဖြူဖြူလှ | ဒေါက်တာလင်းလက်အောင်+Dr. Adam Lebby | |
| မောင်စိန်ဘန်း+မဖြူမီဇော် | | |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်သားဆန်းထူး (ကိုယ်ပိုင်အမှတ်၉၀၀၉၃၇)၊ ၇/သကန(နိုင်)၁၆၂၅၇၄ (ဘ) ဦးဝင်းမောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င) ၂၈၀၄ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ခင်ဆွေမြင့် ၉/ပမန(နိုင်)၁၇၇၂၄၇ (ဘ)ဦးသောင်းစိန်မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်းတရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်သားဆန်းထူး သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ပေါင်မြို့၊ ကဒါမြို့သစ်နေ (ဘ) ဦးဘိုးမြင့်(ခ) ဦးဘုန်းမြင့် ၁၀/ပမန(နိုင်)၁၀၇၆၃၅ နှင့် သမီး မစန်းစန်းခိုင်(ခ)မစမ်းစမ်းခိုင် ၁၀/ပမန(နိုင်)၁၉၂၉၂၉ တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မူ(လွန်) ထန်းပင်ချောင် ကျောင်း၊ Grade-5 မှ မောင်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးထွေး ၁၀/ပမန(နိုင်)၂၄၇၇၀၂ ဖြစ်ပါကြောင်း။

ဦးထွေး

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ဦးထိန်လင်း ၁၂/တကန(နိုင်)၂၀၆၇၃၃နှင့် ဒေါ်အေးအေးသင်း ၁၂/တကန(နိုင်)၁၀၇၁၁၂၊ ဦးနိုင်လင်းထွန်း ၁၂/တကန(နိုင်)၂၂၂၅၇၄ တို့ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ မလေးရှားပိုင်ကျေးရွာအုပ်စု၊ အုန်နွဲပင်ရွာ၊ တိုက်ကြီး-ဖောင်ကြီးလမ်းမဘေး အလျား ပေ ၂၅၀ x အနံ ပေ ၈၀ အကျယ်ရှိ မြေနှင့် နေအိမ်အား မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၃)ရပ်ကွက်နေ ဦးငွေးဝင်း-ဒေါ်သဲနုဇင်တို့မှ ဝယ်ယူမည်ဖြစ်၍ စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်(၃၀)အတွင်း ကျွန်ုပ်ထံသို့ လာရောက်၍ ကန့်ကွက်နိုင်ပါသည်။

ဒေါ်နန်းနန်းအောင် (စဉ်-၅၂၁၁၁)၊
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၃၁၆၃၄၇၅

## အမည်မှန်

(ဘ)ဦးအောင်ဇော်လွင်၏သား ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အလက (ခမွန်ကံကြီး)ကျောင်း၊ Grade-6မှ မောင်ဆိုင်းနောင်ခန့်၏ အမည်မှန်မှာ မောင်စိုင်းနောင်ခန့် ဖြစ်ပါကြောင်း။

မောင်စိုင်းနောင်ခန့်

## ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(ခွဲ)၊ အလက(၃)ကျောင်း Grade-9 မှ မနှင်းဆီခိုင် ၁၃/ကတန(နိုင်)၂၂၅၇၇၁ ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းကလား ဖြစ်ပါကြောင်း။

ဦးစိုင်းကလား

## မွေးသက္ကရာဇ်အမှန်

ရေတာရှည်မြို့နယ်၊ အုတ်ဖိုကျေးရွာနေ ဦးကျော်လွင်၏ သမီး မမီမီကျော် ၇/ရတရ(နိုင်)၁၈၉၁၉၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၂-၁၉၉၆ ဖြစ်ပါကြောင်း။

မမီမီကျော်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်နေ ဦးဝဏ္ဏအောင်၏ သမီး မမြတ်ကြည်ဖြူဖိုလ်(ခ)မမြတ်ကြည ဖြူဘို ၉/ကဆန(နိုင်)၂၄၂၀၂၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မမြတ်ကြည်ဖြူဖိုလ်(ခ)
မမြတ်ကြည်ဖြူဘို

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ တောင်ရပ်ကွက်နေ မမေသူအောင်၏ မိခင် ဒေါ်လှမျိုးခိုင်(ခ) ဒေါ်မျိုး မှတ်ပုံတင်အမှတ် MLA-၀၃၆၃၅၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်လှမျိုးခိုင်(ခ)ဒေါ်မျိုး

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (UE-1)၊ တိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ်(၈၁၁)ဟုခေါ်တွင်သော ပေ(၄၀ x ၆၀) မြေကွက်ထဲမှ ခွဲခြမ်းစိတ်ဖြာခြင်းမပြုလုပ်ရသေးသည့်ပေ(၂၀ x ၆၀)၊ ခြေရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာအေး ၇/တငန(နိုင်)၁၀၄၆၆၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဝေလင်း ၁၂/ဒဂမ(နိုင်)၀၂၂၆၃၈ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို တိကျခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်း မူရင်းများဖြင့် ယခုကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်မင်းဦး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၇၀)
ဖုန်း-၀၉-၄၂၀၁၈၀၃၀၂

## ဦးကျော်စွာထွန်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ပေါ်ကျွဲလမ်းတွင် ကျွန်မ ဒေါ်ခင်သီတာဦး ၃/ကကရ(နိုင်)၀၆၂၁၃၄ နှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သူ ဦးကျော်စွာထွန်း ၁၄/ပသန(နိုင်)၁၆၇၀၃၈ သည် ဇနီးဖြစ်သူ ကျွန်မ၏ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေရန်၊ ကျွန်မအား ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း ခံစားရစေရန် အကြိမ်ကြိမ်အကြိမ်ပေါင်းများစွာ ပြုမူကျူးလွန် ဆောင်ရွက်ခဲ့သည့်အပြင် ကျွန်မ၏ ကိုယ်ပိုင် ပိုင်ဆိုင်မှုပစ္စည်းများကို ဆုံးရှုံးထိခိုက်စေအောင်လည်း အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ကာ လွန်ခဲ့သော ၁၃-၁-၂၀၂၅ ရက်တွင် ဦးကျော်စွာထွန်း သည် ကျွန်မ၏ နေအိမ်မှ ထွက်ခွာသွားခဲ့ပါသည်။

ထို့ကြောင့် ဦးကျော်စွာထွန်း၏ ပြုမူဆောင်ရွက်မှုများ၊ ဦးကျော်စွာထွန်းမှ ငွေကြေးဆုံးရှုံးစေရန် ဆောင်ရွက်မှုများ စသည့်ကိစ္စအဝဝတို့သည် ကျွန်မ ဒေါ်ခင်သီတာဦးနှင့် ပတ်သက်စပ်ဆိုင်ခြင်း လုံးဝမရှိပါကြောင်း၊ ကျွန်မ ဒေါ်ခင်သီတာဦးမှ ဖြေရှင်းစေရန် တာဝန် လုံးဝ (လုံးဝ) မရှိပါကြောင်းနှင့် ဦးကျော်စွာထွန်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့အား ကျွန်မ ဒေါ်ခင်သီတာဦးနှင့် ဆက်သွယ်ပြောဆိုခြင်း၊ စုံစမ်းမေးမြန်းခြင်း လုံးဝ(လုံးဝ)မပြုလုပ်ကြပါရန် ဦးကျော်စွာထွန်းနှင့် အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ဒေါ်ခင်သီတာဦး
၃/ကကရ(နိုင်)၀၆၂၁၃၄
ပေါ်ကျွဲလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မြဝတီမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/16779 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းရွှေ ၁၄/မအပ(နိုင်)၂၉၃၆၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မအူပင်)မအူပင်

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က(၅)လမ်း၊ အမှတ်(၁၇၀၂-၁၇၀၄)ရှိ မြေအကျယ် ပေ(၄၀ x ၆၀) မြေကွက်နှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ဝင်းရွှေ ၈/ရစက(နိုင်)၀၃၇၇၅၃ ထံမှ ကျွန်ုပ်မိတ်ဆွေသည် ဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု(မူရင်း)အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘိုကြည် B.A(H.G.P)
အထက်တန်းရှေ့နေ(စဉ်-၁၉၁၀၈)
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံး၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၉၈၂၇၁၇၁၆၂၊ ၀၉-၆၈၀၂၄၃၁၅၀

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ အောင်သိပ္ပံလမ်း၊ မြေကွက်အမှတ်(၈၀၄/က)ဟုခေါ်တွင်သည့် ဦးထွန်းရွှေ အမည်ပေါက် ပါမစ်မြေအမျိုးအစားအကျယ်အဝန်းပေ(၂၀ x ၆၀) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးညီဇော်သန်းထွေး ၁၂/တမန(နိုင်)၁၂၁၃၀၁ မှ အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချလိုကြောင်း ဝန်ခံကတိပြု၍ ပြောဆိုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက် စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်သင်းသင်းမော် ၁၂/ဒဂတ(နိုင်)၁၄၁၀၈၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝေယံစိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၃၅၄၇)
အမှတ်(၅၄၆/က)၊ ဆုပြည့်ရတနာ(၃)လမ်း၊
(၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်
ဖုန်း-၀၉-၂၅၂၀၉၄၈၄၀

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၀)၊ မြေကွက်အမှတ်(၁၆၈/ခ)၊ (၁၀)ရပ်ကွက်၊ (၇)လမ်း၊ မြေကွက် အကျယ်အဝန်း ပေ(၂၀ x ၆၀)၊ စတုရန်းပေ(၁၂၀၀)ရှိ နှစ်(၆၀)ဂရန်မြေနှင့် အိမ်ကို ယခုလက်ရှိ တရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်နွဲ့နွဲ့ဝင်း ၁၂/မရက နိုင်)၁၄၂၈၄၆ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဘိုဘိုသောင်း ၁၁/ကတန(နိုင်)၀၇၆၉၆၁ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သူသူမြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၁၇)
အမှတ် (၇)၊ မြေညီ (အေ)၊ ဣန္ဒာသဃလမ်း၊
ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၉၃၁၁၀၀၅၁၊ ၀၉-၄၄၇၈၅၃၃၀၉

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/63641 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဖိုးလ်၁၄/ဝခမ(နိုင်)၀၈၈၆၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မအူပင်)မအူပင်

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၃၂)၊ အောင်ဇေယျ(၁)လမ်း၊ သုဝဏ္ဏနေ ဒေါ်သင်းသင်းနိုင် ၁၂/တမန(နိုင်)၀၁၂၂၀၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးကျော်လှနှင့် ဒေါ်သင်းသင်းနိုင်တို့၏သား မောင်အာကာပြည့်ဖြိုးကျော် ၁၂/ဒဂန(နိုင်)၀၃၆၆၆၆ သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများကို စိတ်ဆင်းရဲစေအောင်ပြုမူခဲ့ပြီး မိမိ၏ သဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်သွားသောကြောင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် မည်သည့်ပြဿနာအရှုပ်အရှင်းကိုမျှ လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သွယ်သွယ်လှိုင်(LL.B)
အထက်တန်းရှေ့နေ
(စဉ်-၃၆၅၇၀/၇-၂-၂၀၁၁)
အမှတ်(၂၂၅)၊ ငမိုးရိပ်(၈)လမ်း၊ အပိုင်း(၂)၊ သဃ်န်းကျွန်းမြို့နယ်၊
ဖုန်း-၀၉-၄၃၁၄၀၃၅၂

# လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (တိုင်းဒေသကြီး/ပြည်နယ်)များတွင်ခန့်ထားရန် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း (ကျပ်) | ရာထူး | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒု-လက်ထောက်ဦးစီးမှူး(မြို့ပြ) (ဆည်မြောင်း) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၂ | BE (Civil)/B.Tech (Civil)/ AGTI/EGTI(Civil)/THS(Civil) |
| (ခ) | ပုံဆွဲ (၄) (ဆည်မြောင်း) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၄ | BE(Civil)/B.Arch/B.Tech(Civil)/ EGTC(Civil)/THS(Civil) |
| (ဂ) | စာရင်းကိုင် (၄) (ရေအရင်းအမြစ်) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၅ | B.Com/CPA/DA/B.BSc/ Grade III/LCCL III |
| (ဃ) | စက်မှုကျွမ်းကျင်(၄)(စက်မှု/စက်ပြင်) (ရေအရင်းအမြစ်) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၃ | BE/B.Tech(Mech/EP/EC/ Mechatronic)/EGTC(MP/MT/ EP/EC/Mechatronic)/ THS44(မော်တော်ယာဉ်/ဖစ်တာ/ လျှပ်စစ်ဆက်သွယ်ရေး/ လျှပ်စစ်အားပေးရေး) |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်ရက်တွင် အသက် (၃၀) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(င) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း (၃) နှစ်တာဝန်ထမ်းဆောင်ရမည်။ (ပျက်ကွက်ပါကဌာနမှ သတ်မှတ်ထားသော လျော်ကြေးငွေကျပ်(၁၀)သိန်း ပေးလျော်ရမည်ဖြစ်ပါသည်။)

(စ) ဒု-လက်ထောက်ဦးစီးမှူး(မြို့ပြ) နှင့် ပုံဆွဲ(၄) ရာထူးအတွက်ကွန်ပျူတာအခြေခံ တတ်ကျွမ်းရမည်။

(ဆ) လျှောက်လွှာကို ကိုယ်တိုင်ရေးလျှောက်လွှာဖြင့် လျှောက်ထားနိုင်သည်။ (ကွန်ပျူတာရိုက်၍)

၃။ လျှောက်လွှာနှင့်အတူ အောက်ပါ စာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (သို့မဟုတ်) ကျောင်းထောက်ခံစာ (အသက်အထောက်အထားအတွက်)

(ခ) ဘွဲ့လက်မှတ်မိတ္တူ (သို့) အောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း ထောက်ခံစာ မူရင်း

(ဃ) လိုင်စင်ဓာတ်ပုံ (၂) ပုံ (၂ လအတွင်း ရိုက်ထားသော)

(င) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း

(စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဆ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

(ဇ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၄။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါအတိုင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့ တို့တွင် ဖြေဆိုရမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| မြန်မာစာ | (၂) နာရီမေးခွန်း | ၇-၃-၂၀၂၅ ရက် | (၉:၃၀)နာရီ |
| အင်္ဂလိပ်စာ | (၂) နာရီမေးခွန်း | ၇-၃-၂၀၂၅ ရက် | (၁၃:၃၀)နာရီ |
| အထွေထွေဗဟုသုတ | (၂) နာရီမေးခွန်း | ၈-၃-၂၀၂၅ ရက် | (၉:၃၀)နာရီ |

၅။ လျှောက်လွှာများကို ၂၁-၂-၂၀၂၅ ရက်၊ ညနေ (၁၆:၀၀) နာရီနောက်ဆုံးထား၍ ဆည်မြောင်းနှင့်ဆိုင်သော ရာထူးများကို ရုံးအမှတ်(၁၅)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်/ရန်ကုန်မြို့နှင့် ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးတို့သို့လည်းကောင်း၊ ရေအရင်းအမြစ် နှင့်ဆိုင်သော ရာထူးများအား ရုံးအမှတ်(၅၀)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်သို့လည်းကောင်း ပေးပို့လျှောက်ထားရမည်။ ရေးဖြေစာမေးပွဲကို ၇-၃-၂၀၂၅ ရက်နှင့် ၈-၃-၂၀၂၅ ရက် နံနက် (၉:၃၀)နာရီတွင် စတင်ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်များကို ၃-၃-၂၀၂၅ ရက်မှ ၆-၃-၂၀၂၅ ရက်အတွင်း မိမိ လျှောက်လွှာ တင်ခဲ့သော ရုံးများတွင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးရန် အကြောင်းကြားပါမည်။ လူတွေ့စစ်ဆေးချိန်တွင် အပိုဒ်(၃)ပါ စာရွက်၏ စာတမ်းမူရင်းများ တင်ပြရမည်။

၆။ ပြည့်စုံခြင်းမရှိသော၊ အချိန်မီရောက်ရှိလာခြင်းမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၀၅၃၉၊ ၀၆၇-၄၁၀၅၀၅၊ ၀၆၇-၄၃၁၃၀၁၊ ၀၁-၇၅၇၈၂၀၃၊ ၀၁-၇၅၇၈၁၀၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (အကြောင်းအမျိုးမျိုးကြောင့် ရက်၊ အချိန် ပြောင်းလဲမှုဖြစ်ပေါ်ပါက ထပ်မံအကြောင်းကြားပါမည်။)

# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်အမှတ်(ဒ-၆၀၉၉)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးဝင်းနိုင် (ဘ)သန်းကျော် ၈/ပခက(နိုင်)၀၉၄၈၆၆ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဝင်းနိုင်မှ ဒေါ်ခင်ကြေးမုံကျော် (ဘ)ဦးကျော်ဆန်းလွင် ၁၂/ဗဟန(နိုင်)၀၇၅၇၀၄ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း

ကျိုင်းတုံမြို့၊ ရပ်ကွက်(၃)၊ ပါလျှံရပ်နေ ကျွန်မဒေါ်ကြည်မာဝင်း ၈/ပမန(နိုင်)၀၁၂၇၄၁ ၏ ခင်ပွန်းဖြစ်သူ ဦးခင်မောင်ကြည် ၈/ပမန(နိုင်)၀၁၂၆၇၃ သည် မိသားစုများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူနေပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်မာဝင်း ၈/ပမန(နိုင်)၀၁၂၇၄၁**

# ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက (ယန်းလူး)၊ Grade-9 မှ နန်းဝိုးထောင်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ဝုန်း ၁၃/မယန(နိုင်) ၀၀၂၈၀၉ ဖြစ်ပါကြောင်း။

**ဦးအိုက်ဝုန်း**

# ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**တပ်ကုန်းမြို့နယ်တရားရုံးတော်**
**၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅ နှင့် ဆက်နွယ်သည့်**
**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၃**

ဦးဇော်မင်းထွန်း နှင့် ၁။ ဦးမောင်ထွေး
၂။ ဒေါ်ဝင်းနွယ်ဆွေ
၃။ ဦးအောင်ဆန်းဝင်း

**(ဒီကရီအနိုင်ရသူ)** **(တရားရှုံးများ)**

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်နေ (၃)တရားရှုံး ဦးအောင်ဆန်းဝင်း (ဘ)ဦးမောင်မောင်လှ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးဇော်မင်းထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော် ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဇော်ဇော်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တပ်ကုန်းမြို့နယ်တရားရုံး**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၅)၊ မြေကွက်အမှတ် - ၆၈၀၊ အကျယ်အဝန်း ပေ(၄၀ x ၆၀)ရှိ ဒုအရာခံဗိုလ်ငွေသန်း အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပါမစ်အမည်ပေါက်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်သည့် ဦးချစ်အေးစန်း ၁၂/ဒဂတ(နိုင်)၀၂၄၇၇၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးခိုင် ၁၂/ဒဂတ (နိုင်)၁၃၂၈၁၀ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ဦးသဘောတူညီထားသည့် အရောင်းအဝယ်ပဋိညာဉ်အတိုင်း ကျန်ငွေပေးချေခြင်း၊ ခြံမြေကွက်နှင့်တကွ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ လက်ရောက်ရယူခြင်းတို့ဖြင့် အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးတင်ထွန်း (LL.B,LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၀၉)**
**အမှတ်-၂၃၄၁/ခ၊ ကနောင်မင်းကြီး(၄)လမ်း၊ (၇၁)ရပ်ကွက်**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၉၅၄၉၉၄၃**

# ကန့်ကွက်နိုင်ပါကြောင်း
